
www.burmeseclassic.com




ပန်းကိုးပွင့်
စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# သူယောင်မယ်

## လိပ်ပြာကြီး

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၃၂၁၁၀၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၀၀၁၁၁၁
ပထမအကြိမ်
၂၀၁၂ ခုနှစ် ဇန်နဝါရီလ
ထုတ်ဝေသူ - ဦးကျော်ဆန်း (ရဲဘော်ကျော်ဆန်း)
(မြဲ-၀၉၃၂) ရဲအောင်စာပေတိုက်
အမှတ် (၂)၊ ချွန်းလမ်း (၁)၊
မင်္ဂလာတောင်ညွန့်မြို့နယ်။
အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျင်ရင် (မြဲ-၀၅၄၁၇)
ရွှေခြသေ့်ပုံနှိပ်တိုက်
အမှတ် (၂၀၈)၊ (၃၁) လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀၀ ကျပ်
ဖြန့်ချိရေး - ရွှေမင်းသမီးစာပေ၊
ဖုန်း - ၀၉၄၃၀၃၃၁၅၂၊ ၀၁-၄၀၀၆၇၄

၈၉၅-၈၃
သူယောင်မယ်
လိပ်ပြာကြီး / သူယောင်မယ် - ရန်ကုန် ။
ရဲအောင်စာပေ၊ ၂၀၁၁
၁၈၃ စာ၊ ၁၃.၂၁ × ၂၀.၈၃ စင်တီ၊
(၁) လိပ်ပြာကြီး

BURMESE CLASSIC .com

## ထွက်ပြီးစာရင်း

၁။ ကွင်းပိုင်မောင်နှမ
၂။ ထမင်းလုံးတစ္ဆေ
၃။ ပျဉ်းမတစ္ဆေ

ယခု

လိပ်ပြာကြီး

www.burmeseclassic.com

www.burmeseclassic.com

သူယောင်မယ်
စာတိုက်သေတ္တာအမှတ် (၁၉၇)
ရန်ကုန်မြို့

အကြံပြုစာ ရေးသားပေးပို့သူ ပရိသတ်အားလုံးကို
လက်မှတ်ထိုးထားသော စာအုပ်လက်ဆောင်များ
ပြန်လည်ပေးပို့လျက်ရှိပါတယ်။

BURMESE CLASSIC .com

# သူယောင်မယ်

# လိပ်ပြာကြီး

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁)

၁၉၉၉ ခုနှစ် ဝန်းကျင်ကာလ

www.burmeseclassic.com

www.burmeseclassic.com

ညသည် ပုစဉ်းရင်ကွဲအော်မြည်သံနှင့် ဖားအော်သံတို့မှ လွဲ၍ တိတ်ဆိတ်လျက် ရှိလေ၏။

ဒိုက်ဦးမြို့တစ်နေရာရှိ နှစ်ထပ်ပျဉ်ထောင်အိမ်လေး၏ အတွင်း၌ကား . . .

"ဒီမယ် ဥမ္မာ . . . ခုဆို နင်တို့ ငါ့ဆီက ယူထားတဲ့ငွေက သုံးသိန်းတောင် ကျော်နေပြီ



ဟဲ့၊ နင့်ယောကျ်ားကလည်း နေ့လား၊ ညလား မသိဘူး၊ နင် . . . ဒီငွေတွေကို ဘယ်လိုပြန်ဆပ် မလဲ"

မိန်းမဝကြီးတစ်ဦးသည် လေသံမာမာဖြင့် ခါးထောက် ပြောဆိုလိုက်၏။

သူမ၏ရှေ့၌မူ အမျိုးသမီးတစ်ဦးနှင့် ကလေးနှစ်ယောက် မှာ သစ်သားခုံထက် မျက်နှာငယ်လေးဖြင့် ထိုင်နေကြ၏။

မိန်းမဝကြီး၏စကားကြောင့် အမျိုးသမီးမှာ မျက်နှာတင်း လျက် ထိုင်ရာမှ ထ,ရပ်လိုက်ရင်း . . .

"အခု အိပ်ရာထဲလဲနေတဲ့ ကျွန်မယောကျ်ား ဟာ မညိုရဲ့မောင်အရင်းခေါက်ခေါက်ပါ၊ ကိုလှ ဝင်း ဒီလိုဖြစ်နေချိန်မှာ မညို ဒီစကားမပြော သင့်ဘူး၊ ကိုလှဝင်း ရှာဖွေနိုင်တုန်းကလည်း မညိုတို့ကို လိုလေသေးမရှိအောင် ကြည့်ခဲ့တာ ပဲ မဟုတ်လား၊ လူကြီးတစ်ယောက်ဖြစ်ပြီး အခြေအနေကို နားလည်ပေးသင့်ပါတယ်"

ဟု ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

မိန်းမဝကြီးမှာ သူမ၏စကားကြောင့် ဆွေ့ဆွေ့ခုန်မတတ် ဖြစ်သွားပြီး . . .

"နားမလည်ဘူးဟဲ့ . . . နားမလည်ဘူး၊ ငွေသုံးသိန်းဆိုတာ တစ်ပဲခြောက်ပြားမဟုတ်ဘူး၊ ပါးစပ်နဲ့ပြောလို့မရရင် ဆိုင်ရာနဲ့ စကားပြောမယ်၊ နင့်လင်, ငါ့မောင် သေသွားတော့ရော ကလေးနှစ်ယောက်နဲ့ မုဆိုးမဖြစ်နေလို့ ငွေတွေမဆပ်နိုင်သေးပါဘူး မညိုရယ်လို့ပဲ ပြောဦးမှာမဟုတ်လား . . . ဟင်၊ မလိုချင်ဘူး . . . မနက်မိုးလင်းတာနဲ့ ငွေတွေ ပြန်ဆပ်ရင်ဆပ်, မဟုတ်လို့ကတော့ နင့်ကို လိမ်လည်မှုနဲ့ အချုပ်ထဲထည့်ပစ်မယ် . . . ဘာမှတ်သလဲ"

ဟု ကြိမ်းမောင်းလေ၏။

မိန်းမဝကြီး၏ဟန်ပန်နှင့်အသံကြောင့် ကလေးနှစ်ယောက်မှာ တစ်ဦးကိုတစ်ဦး ဖက်လျက် အသားဆတ်ဆတ်တုန်မတတ် ကြောက်ရွံ့သွားကြ၏။

မညွှာသည် မိန်းမဝကြီး၏စကားကြောင့် နှုတ်ခမ်းကို

BURMESE CLASSIC .com



ပြတ်လုမတတ် ဖိကိုက်လိုက်လေ၏။

၎င်း၏စကားများသည် သူမ၏မာနကို အကြီးအကျယ် ထိခိုက်နေပြီ မဟုတ်ပါလား။

သူမသည် နာကြည်းခံပြင်းစိတ်ကြောင့် ဝေ့တက်လာသောမျက်ရည်များကို မျက်တောင်ဖြင့် ပုတ်ခတ်လျက် . . .

"ကောင်းပြီ မညို . . . ရှင်ရဲ့ငွေကို ကျွန်မသုံးရက်အတွင်း ပြန်ပေးမယ်၊ ကျွန်မက ကိုလှဝင်းမျက်နှာကြောင့် ရှင်တို့ဆီ လာနေရပေမယ့် ဆွေမဲ့မျိုးမဲ့ မဟုတ်ဘူး၊ တောင်ကြီးမှာ ကျွန်မတို့ပိုင်ဆိုင်တဲ့ အိမ်ခြံမြေတွေ အများကြီးရှိတာ ရှင်သိပါတယ်၊ ခုချက်ချင်း ရှင်တို့အိမ်က ကျွန်မဆင်းတယ်၊ သုံးရက်အတွင်း ရှင့်ငွေတွေ ပြန်ပေးမယ်၊ ရှင် စောင့်နေပါ၊ သုံးရက်ပြည့်လို့မှ ရှင့်ငွေတွေကို ပြန်မပေးနိုင်ဘူးဆိုရင်တော့ ရှင်ကြိုက်သလို လုပ်ပေတော့"

ဟု ပြောဆိုကာ ကလေးနှစ်ယောက်အား လက်ဆွဲခေါ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

ၵင်းတို့၏အခြေအနေအား အိမ်တွင်းခန်းမှ နားထောင်နေသော ယောက္ခမဖြစ်သူမှာ အသည်းအသန်ပြေးထွက်လာ ပြီး . . .

"မသွားပါနဲ့ သမီးရယ်၊ သားလေးရဲ့အခြေအနေက သိပ်ကောင်းတာမဟုတ်ဘူး၊ အမေတောင်းပန်ပါတယ်ကွယ်"

ဟု ငိုသံကြီးဖြင့် တားမြစ်လေ၏။

မဥမ္မာသည် အံကို တင်းတင်းကြိတ်လျက် . . .

"မရတော့ဘူး အမေ၊ ဥမ္မာ့ကို မတားပါနဲ့၊ မညိုအပေါ်မှာ ဥမ္မာတို့ တင်ခဲ့တဲ့ငွေဟာ ကိုလှဝင်း ဆေးကုဖို့ဆိုတာ အမေသိပါတယ်၊ ကျွန်မရဲ့ဂုဏ်သိက္ခာကို ထိပါးရင် ပါးရိုက်တာထက်ပိုနာတယ် အမေ၊ သွားပါရစေတော့"

ဟု ဆိုကာ ကလေးနှစ်ယောက်အား လက်ဆွဲလျက် ပျဥ်ထောင်အိမ်လေးမှ ထွက်ခွာခဲ့လေတော့၏။

# အပိုင်း (၂)

www.burmeseclassic.com

အဆက်မပြတ်မြည်လာသော တယ်လီဖုန်းသံကြောင့် ဦးစိုင်းလုံတစ်ယောက် ဖုန်းခွက်ကို ကောက်ကိုင်လိုက်၏။

"အေး . . . ဟုတ်တယ် . . . အေး၊ ငါက ဥမ္မာ့အဖေ ဦးစိုင်းလုံပဲ၊ ဘာကိစ္စလဲ၊ အေး . . . ငါ ပြောလိုက်မယ်"

ဦးစိုင်းလုံက တယ်လီဖုန်းခွက်ကို ပြန်ချရင်း သမီးဖြစ်သူ



www.burmeseclassic.com

အခန်းဘက်သို့ လျှောက်သွား၏။

"ဥမ္မာ . . . ထွက်ခဲ့ဦး"

ဖခင်၏အသံကြောင့် မဥမ္မာမှာ ကလေးများကို ချော့သိပ်ရာမှ ထလာခဲ့၏။

သူမကိုမြင်လျှင် ဖခင်ဖြစ်သူက . . .

"နှင့်ယောကျ်ား မနက်တည်းက မြောနေတာ ခုချိန်ထိပဲတဲ့၊ ခုပဲ ဒိုက်ဦးက ဖုန်းဆက်တယ်"

ဟု ပြောလိုက်ရာ သူမမျက်နှာ ညှိုးရော်သွား၏။

သို့သော် နာကြည်းမုန်းတီးရိပ်စွက်သော အသံဖြင့် . . .

"သူတို့လိုချင်တဲ့ ငွေကိုလည်း ပြန်ပေးပြီးပြီပဲ အဖေ၊ ကျွန်မနဲ့သူတို့ ဘာမှပတ်သက်စရာ အကြောင်းမရှိဘူး၊ ငွေကိုမမြင်ဖူးတဲ့ အသိုင်းအဝိုင်းထဲ ဝင်မိတာကိုက ကျွန်မအမှားပဲ၊ သူတို့ဆီက ဖုန်းဆို အဖေ မကိုင်ပါနဲ့ . . . ချပစ်လိုက်ပါ"

ဟု ပြောဆို၍ အိပ်ခန်းထဲ ပြန်ဝင်ခဲ့လေ၏။

ဦးစိုင်းလုံမှာ စိတ်မသက်မသာဟန်ဖြင့် ခေါင်းခါယမ်း

www.burmeseclassic.com

www.burmeseclassic.com

လျက် ထိုနေရာမှ လှည့်ထွက်သွား၏။

မဥမ္မာသည် သားနှင့်သမီးကို ချော့သိပ်ရင်း မျက်ရည်များ ရစ်ဝဲတက်လာ၏။

"ကိုလှဝင်းရယ် . . . ခုချိန်မှာ ရှင့်အနား ကျွန်မ,မရှိတာ ရှင် နားလည်ပေးပါ၊ ရှင် အိပ်ရာထဲ မလဲခင်ကတည်းက ရှင့်မိသားစုကြားထဲမှာ ကျွန်မ ဘယ်လိုနေထိုင်ခဲ့ရသလဲဆိုတာ ရှင် အသိဆုံးပါ၊ ရှင့်အစ်မ မိညိုဟာ ရပ်ကွက်ထဲ ငွေတိုးချေးစားပြီး စားသောက်နိုင်ရုံအဆင့်လေး နဲ့ သိပ်မောက်မာလွန်းတယ်၊ ရှင့်ရဲ့ကျန်းမာရေး စရိတ်အတွက် ကျွန်မလက်ထဲ ငွေအသင့်မရှိလို့ သူ့ဆီက ချေးခဲ့တာလည်း ရှင်အသိဆုံးပါ၊ မညို ပြောတဲ့စကားတွေက ကျွန်မအတွက် ရှင်တို့အိမ်မှာ ဘယ်လိုမှ ဆက်ပြီးရပ်တည်လို့မရနိုင် အောင်ကို မောက်မာလွန်းတယ် ကိုလှဝင်း၊ ဒါ ကြောင့် ကျွန်မ,မြို့ကို ပြန်ခဲ့တာပါ၊ ရှင် ကျွန်မကို ခွင့်လွှတ်ပါ ကိုလှဝင်းရယ် . . ခွင့်လွှတ်ပါရှင်"



သူမသည် ထိုသို့ရေရွတ်ရင်း ယောကျ်ားဖြစ်သူအား သတိရတမ်းတစိတ်များ လှိုက်တက်လာ၏။

ထိုစိတ်နှင့်ပင် အိပ်ရာထက် ဘယ်ညာလူးလှိမ့်ရင်း အိပ် ပျော်သွားလေတော့၏။

တောင်ပေါ်မြို့လေး၏အအေးဓာတ်သည် ညဥ့်နက်သည် နှင့်တစ်ပြိုင်နက် ပိုမိုပြင်းထန်လာလေ၏။

သူမ . . . မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ နာမည်ခေါ်သံသဲ့သဲ့ ကြားရသဖြင့် မျက်လုံးကို အသာဖွင့်ကြည့် လိုက်မိ၏။

"ဥမ္မာ . . . ဥမ္မာ . . . ၊
ဥမ္မာ . . . ထပါဦး ဥမ္မာ"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၃)

အိပ်ရာခြေရင်း၌ ခေါင်းငိုက်စိုက်လျက် ထိုင်နေသော ကိုလှဝင်း . . .

သူမ အသိစိတ် ကင်းလွတ်သူတစ်ယောက်နှယ် အိပ်ရာမှ ဝုန်းခနဲ ထလိုက်ပြီး . . .

"ကို, ကိုလှဝင်း . . . ရှင် . . . ရှင် ကျွန်မတို့ဆီ လိုက်လာတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com


ဟု အံ့သြဝမ်းသာစိတ်ဖြင့် ရေရွတ်လိုက်မိ၏။

ကိုလှဝင်းသည် သူမ၏မျက်နှာအား ရီဝေသောမျက်လုံး များဖြင့် ငေးစိုက်ကြည့်လျက် . . .

"မဟုတ်ဘူး ဥမ္မာ . . . ငါ သန်းခေါင်ချိန် လောက်မှာပဲ သေဆုံးသွားပြီ၊ ငါဟာ နင်တို့နဲ့ ဘဝချင်း ကွာခြားသွားပြီ ဥမ္မာ၊ အဲဒါ . . . သိအောင် ငါ လာပြောတာပါ၊ ငါ မရှိတော့ မယ့် နင်တို့သားအမိတွေကို စိတ်မချဘူး၊ ငါ . . . နင်တို့အနားမှာပဲ ရှိနေမှာပါ, ရှိနေမှာပါ ဥမ္မာ"

ထိုစကားသည် သူမ၏အသည်းနှလုံးများအား တစ်စ ဆွဲဖြုတ်လိုက်သည့်နှယ် . . .

သူမ သွေးပျက်မတတ် ထိတ်လန့်သွားပြီး ခေါင်းခါယ ကာ . . .

"ဟင့်အင်း . . . ရှင် မသေရဘူး၊ ရှင် မသေရဘူး ကိုလှဝင်း၊ ကျွန်မတို့ကို ထားမသွား ပါနဲ့ ကိုလှဝင်းရယ်၊ မသွားပါနဲ့"

ဟု ငိုကြွေးလျက် ယောကျ်ားဖြစ်သူအား ဖက်တွယ် လိုက်လေ၏။

သို့သော် ကိုလှဝင်းမှာ သူမ၏မြင်ကွင်းမှ ရုတ်တရက် ပျောက်ကွယ်သွားတော့၏။

"ကိုလှဝင်း . . . ကိုလှဝင်း"

သူမ အသံကုန်အော်ဟစ်လျက် အိပ်ရာမှ ဝေါက်ခနဲ ထထိုင်လိုက်၏။

သူမ၏အသံကြောင့် ဆယ်သုံးနှစ်အရွယ်ရှိသော သမီး ကြီးမှာ လန့်နိုးလာပြီး . . .

"အမေ . . . အမေ ဘာဖြစ်တာလဲဟင်"

ဟု စိုးရိမ်တကြီး မေးမြန်း၏။

"ဘာ . . . ဘာမှမဖြစ်ပါဘူး၊ အမေ အိပ် မက်,မက်ပြီး ယောင်နေတာ၊ ရေတစ်ခွက် လောက်ယူပေး သမီးကြီး"

သူမ မောဟိုက်လွန်းသဖြင့် ရေတောင်းသောက်လိုက်မိ ၏။

သမီးကြီးယူလာပေးသော ရေအား အငမ်းမရ မော့

www.burmeseclassic.com

www.burmeseclassic.com



သောက်ရင်း . . .

“အမေ ဘာမှမဖြစ်ဘူး သမီးကြီး၊ ပြန်အိပ် လိုက်တော့နော် . . . အိပ် . . . အိပ်”

စိုးရိမ်မှုဖြင့် ငေးကြည့်နေသော သမီးကို ပြောဆိုလ သူမ ပြန်သိပ်လိုက်၏။

နာရီအား လှမ်းကြည့်လိုက်ရာ မနက်သုံးနာရီပင် ခွဲ ချေပြီ။

“ဘုရား . . . ဘုရား . . . အိပ်မက်ထဲမှာ ကိုလှဝင်း ငါ့ဆီ ရောက်လာတယ်၊ သူ အသက် မှ ရှိသေးရဲ့လား၊ ငါပဲ သူ့ကို စိတ်စွဲလို့ မြင်မက် ခဲ့တာလား၊ ကိုလှဝင်း ဘာမှမဖြစ်ပါစေနဲ့ . . . မဖြစ်ပါစေနဲ့”

# အပိုင်း (၄)

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့သို့ရောက်လျှင် ဥမ္မာသည် ကလေးနှစ်ယောက်အား ကျောင်းပို့ပြီး ပြန်လာချိန် ဧည့်ခန်းတွင် မျက်နှာမသာမယာနှင့် ထိုင်နေသော ဦးစိုင်းလုံကို တွေ့လိုက်ရ၏။

"ဘာဖြစ်လို့လဲ အဖေ . . . မျက်နှာလည်း မကောင်းဘူး၊ နေမကောင်းဘူးလား"

သူမ ထိုသို့ပြောရင်း ဆိုင်ကယ်ဦးထုပ်ကို စားပွဲပေါ်သွားတင်လိုက်၏။

ဦးစိုင်းလုံမှာ သက်ပြင်းချလျက် . . .

"ဒိုက်ဦးက ဖုန်းလာတယ်၊ မောင်လှဝင်း ဆုံးသွားပြီ သမီး၊ ညဆယ့်နှစ်နာရီလောက်က ဆုံးတာတဲ့"

ဖခင်၏စကားကြောင့် သူမ အသက်ရှူရပ်မတတ် ဖြစ်သွားပြီး . . .

"ဟင် . . . ကိုလှဝင်း, ကိုလှဝင်း ဆုံးပြီ . . . ဟုတ်လား၊ သေ, သေချာရဲ့လား အဖေရယ် . . . သေချာရဲ့လား"

ဟု ဖခင်၏လက်ကို ဆွဲကိုင်လျက် မေးလိုက်၏။

"သေချာတယ် သမီး၊ မောင်လှဝင်းအမေ ကိုယ်တိုင် ဖုန်းဆက်ပြောတာ၊ ဒါပေမဲ့ . . . သူတို့ပြောဆိုပုံကို အဖေမကြိုက်ဘူး"

ဖခင်၏အပြောကြောင့် သူမ မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလျက် . . .

"သူတို့က ဘာပြောလို့လဲ အဖေ၊ အဖေ့ကို

www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုပြောလဲ"

ဖခင်သည် သူမအား ငေးစိုက်ကြည့်ရင်း . . .

"မောင်လှဝင်း ဆုံးပြီ၊ ညဆယ့်နှစ်နာရီ လောက်က အသက်ပျောက်တာတဲ့၊ အားလုံး စီစဉ်ပြီးသွားပြီ၊ လှမ်းအကြောင်းကြားတာတဲ့ သမီး"

ဟု ပြောလိုက်ရာ သူမသည် ကြေကွဲစိတ်နှင့်အတူ နာကြည်းစိတ်များ လှိုက်တက်လာရ၏။

"အားလုံးစီစဉ်ပြီးသွားပြီဆိုတော့ . . . ကျွန်မကို လာစရာမလိုဘူးလို့ ပြောလိုက်တာပေါ့ . . . ဟုတ်လား အဖေ"

ဦးစိုင်းလုံသည် သမီးဖြစ်သူအား စိတ်မသက်မသာဖြင့် ငေးစိုက်ကြည့်လျက် . . .

"သူတို့ကြည့်ရတာ သမီးပြန်လာတာကို ကျေနပ်ပုံမပေါ်ဘူး၊ အားလုံးစီစဉ်ပြီးသွားပြီဆိုတဲ့စကားဟာ မလာစေချင်တဲ့သဘောမျိုး သက်ရောက်နေတာပေါ့ သမီးရယ်"



ဟု ပြောလိုက်လေ၏။

ဥမ္မာသည် တလိမ့်လိမ့်စီးကျလာသော မျက်ရည်များနှင့်အတူ အံတင်းတင်းကြိတ်လျက် . . .

"အားလုံးစီစဉ်ပြီးသွားတော့လည်း မသွားရဲ့ပဲရှိတာပေါ့ အဖေ၊ အခုပဲ . . . ကျွန်မ ကလေးနှစ်ယောက်ကိုခေါ်ပြီး အေးသာယာက ကျွန်မတို့အိမ်ကို သွားမယ်၊ ကိုလှဝင်းရဲ့နောက်ဆုံးခရီးမှာ လိုက်ပါခွင့်မရှိပေမယ့် ကျွန်မ ကိုလှဝင်းအတွက် တာဝန်ကျေအောင် လုပ်ပေးမယ် အဖေ၊ အေးသာယာအိမ်က ကိုလှဝင်းရဲ့ ချွေးနဲ့စာနဲ့ ဝယ်ထားတဲ့အိမ်ပါ အဖေ၊ အဲဒီမှာ သူ့အတွက် ကျွန်မ သက်ပျောက်ဆွမ်း ကျွေးပေးရမယ် အဖေ . . . အဖေ သွားခွင့်ပြုပါ"

ဟု ပြောလိုက်ရာ ဦးစိုင်းလုံမှာ သမီးဖြစ်သူအား စာနာစွာ ငေးစိုက်ကြည့်လျက် ခေါင်းညိတ်ပြလိုက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၅)

ဥမ္မာသည် ကလေးနှစ်ယောက်ကို တင်လျက် ဆိုင်ကယ်ဖြင့် အေးသာယာသို့ ဆင်းခဲ့လေ၏။

အေးသာယာရှိ သူမတို့ပိုင်ဆိုင်သောခြံမှာ ပေတစ်ရာကျယ်ဝန်း၍ ကိုလှဝင်း၏စိတ်တိုင်းကျ နှစ်ထပ်တိုက်လေး ဆောက်လုပ်ထား၏။

ထိုခြံလေးအတွင်း၌ပင် ကားဂိုဒေါင်သဘောမျိုး နှစ်ထပ်

www.burmeseclassic.com

www.burmeseclassic.com

ပျဉ်ထောင်အိမ်လေးတစ်လုံးလည်း ရှိလေ၏။

ထိုခြံအား ဝယ်ယူ၍ တိုက်ဆောက်လုပ်ချိန်မှစကာ ကိုလှဝင်း၌ အသည်းရောဂါစွဲကပ်ခဲ့ခြင်းဖြစ်၏။

အချို့သောဆွေမျိုးများက ထိုခြံသည် ကိုလှဝင်းအား ခိုက်သည်ဟု ယူဆကာ ပြန်ရောင်းပစ်ရန် အကြံပေးခဲ့ကြ၏။

သို့သော် ကိုလှဝင်းမှာ အယူသီးခြင်းကို လက်မခံသူတစ်ယောက်ဖြစ်သောကြောင့် ထိုခြံအား ရောင်းချခြင်း မပြုခဲ့ပေ။

ဆွေမျိုးများအားလုံး၏ရှေ့မှာပင် . . .

"ဒီမယ် ဥမ္မာ . . . အေးသာယာခြံနဲ့တိုက်ကို ငါ အရမ်းသဘောကျတယ်၊ ငါ ရှိသည်ဖြစ်စေ၊ မရှိတော့သည်ဖြစ်စေ ဒီခြံကို မင်း ဘယ်တော့မှမရောင်းရဘူး . . . အဲဒါ မြဲမြဲမှတ်ထား"

ဟုပင် ကြုံးဝါးခဲ့လေ၏။

ထိုခြံ၏ထူးခြားချက်မှာ ခြံ၏အလယ်တည့်တည့်နေရာ၌ ခြတောင်ပို့လို တောင်ပို့ကြီးတစ်ခုရှိ၏။

သူမတို့ တိုက်ဆောက်မည်ဆိုသောအခါ ထိုတောင်ပို့အား ဖြိုဖျက်ပစ်ရန် စိတ်ကူးခဲ့သေး၏။



ထိုသို့ကြံရွယ်ပြီး ညမှာပင် ကိုလှဝင်း၏အိပ်မက်ထဲသို့ အထက်အောက်အဖြူရောင်ဝတ်စုံဝတ် အဘိုးအိုတစ်ဦး ရောက်ရှိလာ၏။

အဘိုးအိုသည် လက်တစ်ဖက်၌ တောင်ဝှေးကိုင်ထား၍ ကျန်လက်တစ်ဖက်ဖြင့် ကိုလှဝင်းအား လက်ညှိုးထိုးကာ ထိုတောင်ပို့အား ဖျက်ဆီးခြင်းမပြုရန် အကြိမ်ကြိမ်မေတ္တာရပ်ခံခဲ့လေ၏။

မိုးလင်းသောအခါ ကိုလှဝင်းသည် ၎င်း၏အိပ်မက်ကို သူမအား ပြန်ပြောပြ၍ . . .

"ငါဟာ ဘုရားကလွဲရင် ဘယ်သူ့ကိုမှ လက်ခံတဲ့လူမဟုတ်ဘူး၊ ဒါပေမဲ့ . . . အိပ်မက်ထဲက ဝတ်ဖြူစင်ကြယ်ဝတ်အဘိုးအိုရဲ့မျက်နှာဟာ သိပ်ကိုအေးချမ်းတယ်၊ သူ့ရဲ့မျက်နှာကို ကြည့်ပြီး ငါ့စိတ်ထဲမှာ ကြည်ညိုလေးစားစိတ်တွေ တဖွားဖွားဖြစ်ပေါ်နေမိတယ်၊ ဒါကြောင့် သူ့စကားကို ငါ လက်ခံတဲ့အနေနဲ့ တောင်ပို့ကို မဖြိုတော့ဘူး၊ ဒီအတိုင်းပဲ အိမ်ဆောက်မယ်ကွာ

www.burmeseclassic.com

မယ် ဥမ္မာ”

ဟု ပြောခဲ့လေ၏။

ထိုကြောင့်ပင် တိုက်ဆောက်လုပ်ပြီးသောအခါ တောင်ပို့ကြီးမှာ ထိုအိမ်၏အခန်းတစ်ခုထဲ၌ ရှိနေခဲ့လေ၏။

မဥမ္မာသည် အေးသာယာအိမ်နှင့် ပတ်သက်၍ ပြန်လည်တွေးတောရင်း လမ်းချိုးတစ်ခုထဲ ကွေ့ဝင်လိုက်၏။

သူမတို့ရပ်ကွက်လေးမှာ လူနေအိမ်ခြေကျဲပါးသော ဆိတ်ငြိမ်ရပ်ကွက်လေးဖြစ်၏။

သူမခြံရှေ့ ဆိုင်ကယ်ရပ်ရင်း ကလေးနှစ်ယောက်ကို ဆင်းစေ၏။

ထို့နောက် ခြံတံခါးကို သော့ဖွင့်ကာ ဝင်ခဲ့ကြလေ၏။

နှစ်ထပ်တိုက်လေးမှာ အိမ်ထောင်ပစ္စည်း အပြည့်အစုံရှိသော်ငြား လူမနေသည်မှာ ကြာပြီဖြစ်သဖြင့် ဖုန်အလိမ်းလိမ်းတက်ကာ ပင့်ကူမျှင်များပင် သွယ်တန်းလျက် ရှိလေ၏။

ထိုကြောင့် သူမသည် ကလေးနှစ်ယောက်ကို ခြံတွင်းဆော့စကားနေစေ၍ အိမ်သန့်ရှင်းရေးလုပ်ရလေ၏။

သူမ သန့်ရှင်းရေးလုပ်နေစဉ်မှာပင် သမီးကြီးသည် သူမရှိရာ ပြေးဝင်လာပြီး . . .

“အမေ . . . ဖိုးသား ခြံအနောက်ကို ပြေးသွားတယ်၊ သမီးလှမ်းခေါ်တာ မရဘူး”

ဟု ပြောသဖြင့် ရင်ထဲ ထိတ်ခနဲ ဖြစ်သွား၏။

ခြံအနောက်၌ကား ခြံစည်းရိုးဟူ၍မရှိဘဲ ဆူးပင်များနှင့်သာ ကာရံထား၏။

ထို့အပြင် ဆူးပင်များ၏တစ်ဖက်၌ ရေကန်ကြီးတစ်ကန်ရှိနေလေ၏။

ဖိုးသားအတွက် စိုးရိမ်စိတ်နှင့်အတူ သူမ အပြေးထွက်ခဲ့လေ၏။

✷

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၆)

"ဖိုးသား . . . ရပ်စမ်း ဆက်မသွားနဲ့၊ ဆူး တွေငြိလိမ့်မယ် သား"

သူမ သားဖြစ်သူအား လှမ်းသတိပေးရင်း ပြောသွား၏။

ဖိုးသားသည် ဆူးပင်များအနီးသို့ တရွေ့ရွေ့လျှောက်သွားရင်း သူမအား လည့်ပြန်လှည့်ကြည့်၏။

သူမ သားဖြစ်သူအား စိုးရိမ်တကြီး ပြောဖက်လိုက်ရင်း

www.burmeseclassic.com

www.burmeseclassic.com

"ခြံအနောက်ကို ဘာလို့သွားတာလဲ ဖိုးသား ရယ်၊ မတော် ကန်ထဲလိမ့်ကျရင် ဘယ်လိုလုပ် မလဲ၊ နောက် မသွားရဘူးနော် သား"

ဟု ပြောလိုက်ရာ ဖိုးသားလေးသည် သူမအား ကြောင်ငေးကြည့်လျက် . . .

"ကန်ထဲပြုတ်မကျပါဘူး မေမေရဲ့၊ ဖေဖေ ရှိနေတာပဲ၊ ကျွန်တော့်ကို လှမ်းဆွဲမှာပေါ့"

ဖိုးသား၏စကားကြောင့် သူမ မျက်လုံးပြူးသွားပြီး . . .

"ဖေဖေ . . . ဟုတ်လား၊ ဘယ် . . . ဘယ် မှာလဲ"

ဟု အထိတ်တလန့် ရေရွတ်လိုက်ရာ ဖိုးသားမှာ ခြံထောင့်တစ်နေရာသို့ ညွှန်ပြလျက် . . .

"ဟင် . . . အခု မရှိတော့ဘူး၊ ခုနက သား တို့ဆော့နေတုန်း ဖေဖေ သားကို လှမ်းခေါ် တယ် မေမေ၊ ဖေဖေခေါ်လို့ သား ဒီနေရာကို ပြေးလာတာ၊ ဘယ်ရောက်သွားလဲမသိဘူး"

ဟု ခေါင်းကုတ်ကာ ပြောလိုက်၏။



သူမ ယောင်ယမ်း၍ ဖိုးသားညွှန်ပြရာသို့ ကြည့်မိ၏။ သက်ပြင်းလဲ့လဲ့ရှိုက်ရင်း . . .

"ကဲပါ သားရယ် . . . လာပါ၊ နောက် မေမေမသိဘဲ ခြံနောက်ကို လုံးဝမလာရဘူးနော် . . . ကြားလား"

သူမ ထိုသို့ပြောကာ သားကို လက်ဆွဲခေါ်ခဲ့၏။

အသက်ဆယ်နှစ်အရွယ်သာ ရှိသေးသော ဖိုးသားသည် မိခင်အား မော့ကြည့်ရင်း . . .

"ဖေဖေက ဘာလို့ သားတို့ဆီ မလာတာလဲ မေမေ၊ သား ဖေဖေ့ကို သတိရတယ်၊ ဒိုက်ဦး အိမ်ကိုရော ဘယ်တော့ပြန်ရမှာလဲ"

ဟု မေးလိုက်ရာ သူမမှာ ရင်ထဲ ဆို့တက်သွားရလေ၏။

ကလေးနှစ်ယောက်၏စိတ်၌ ဖခင်မရှိတော့ဘူးဟူသည့် အသိ ဝင်သွားမည်ကို သူမ သိပ်ကြောက်မိ၏။

ထိုအသိစိတ်သည် ကလေးအား အားငယ်စိတ်၊ သိမ်ငယ်စိတ်များ များစွာ ဝင်သွားနိုင်သည် မဟုတ်ပါလား။

ထိုကြောင့် သားငယ်၏လက်ကို ဖျစ်ညှစ်မိကာ . . .

www.burmeseclassic.com



"သားဖေဖေ လိုက်လာမှာပါ သားရယ်
. . . လာမှာပါကွယ်"
ဟု တုန်ယင်တိုးလျသောအသံဖြင့် ရေရွတ်လိုက်မိလေ၏။

# အပိုင်း (၅)

www.burmeseclassic.com

www.burmeseclassic.com

သူမသည် ကလေးနှစ်ယောက်အား တောင်ကြီးအိမ်သို့ ပြန်ပို့ထား၍ သံဃာတော်များပင့်ဖိတ်ကာ ကိုလှဝင်းအတွက် သက်ပျောက်ဆွမ်းကို ကပ်လှူလေ၏။

ရေစက်ချအမျှဝေသောအချိန်၌ ဟင်းလင်းဖွင့်ထားသော အိမ်တံခါးမှာ 'ဒုန်း'ခနဲ ပိတ်သွား၏။

သူမနှင့်အတူ ထိုင်၍ ရေစက်ချနေသော အဒေါ်ဖြစ်သူ



ဒေါ်မြလေးမှာ အသံကြောင့် ကြက်သီးဖျန်းဖျန်းထမတတ် ထိတ်လန့်သွားရ၏။

ရေစက်ခွက်ကိုင်သော ဒေါ်မြလေး၏လက်တို့မှာ ကြောက်စိတ်ကြောင့် တဆတ်ဆတ်တုန်ယင်နေရှာ၏။

သံဃာတော်များ ပြန်လည်ကြွမြန်းသွားသောအခါ ဒေါ်မြလေးသည် သူမအား လေသံတီးတိုးဖြင့် . . .

"ငါ . . . ငါတို့ ရေစက်ချအမျှဝေပေမယ့်
မောင်လှဝင်း ကျွတ်မှကျွတ်ပါ့မလား မသိဘူး၊
ငါ့စိတ်ထဲမှာ သူရှိနေသလို ခံစားရတယ်"
ဟု ပြောလေ၏။

ဒေါ်မြလေး၏စကားကြောင့် သူမစိတ်များ လေးလံနောက်ကျိသွားရ၏။

"တော်ပါတော့ အဒေါ်ရယ် . . . အဒေါ်
ကြောက်တတ်တိုင်း ကျွန်မယောကျ်ားကို
မကျွတ်လွတ်ဘူးလို့ မပြောပါနဲ့၊ ဒီအချိန်မှာ
ကျွန်မ အရမ်းစိတ်ထိခိုက်နေတယ်"

"ဟဲ့ . . . ငါကြောက်တတ်လို့ ပြောတာ

www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ဘူး၊ ခုနက ရေစက်ချတုန်းကဆို နင် မကြားဘူးလား . . . အိမ်တံခါးကြီး ဒုန်းခနဲပိတ်သွားတာ”

“အိမ်တံခါးပိတ်တာ ဘာဖြစ်လဲ အဒေါ်၊ လေတိုက်လို့ ပိတ်တာ ဖြစ်မှာပေါ့၊ တကယ်လို့ ကျွန်မယောကျ်ား ခြောက်လှန့်တော့ရော ကြောက်စရာလား၊ အနားမှာတောင် ခေါ်ထားလိုက်ဦးမှာ”

မဉမ္မာ၏အပြောကြောင့် ဒေါ်မြလေးမှာ မျက်နှာအကြီးအကျယ်ပျက်သွားလျက် . . .

“ငါ့ကို တောင်ပေါ်ပြန်ပို့ပေးတော့ ငါ နင်နဲ့ မနေရဲတော့ဘူး၊ မောင်လှဝင်းဆိုတာက သူ့မိန်းမနဲ့ကလေးတွေကို သိပ်သံယောဇဉ်ကြီးတာ၊ ငါ့သာ ပြန်ပို့ပေး”

ကြောက်တတ်လွန်းသော အဒေါ်ဖြစ်သူကိုကြည့်၍ သူမ စိတ်ပျက်သွားမိ၏။

“အပြင်ကိုလည်း ကြည့်ပါဦး အဒေါ်၊ ဒီ



လောက် မိုးတွေမည်းတက်နေတာ မိုးရွာချရင် တောင်တက်လမ်းက အန္တရာယ်ရှိတယ်၊ ကျွန်မ မိုးရွာထဲ ဆိုင်ကယ်မမောင်းရဲဘူး၊ တော်ကြာ . . . ကျွန်မတို့နှစ်ယောက်လုံး ကိုလှဝင်းနောက် လိုက်နေရမယ်၊ ဒီညတော့ ဒီမှာပဲ အိပ်လိုက်၊ မနက်ကျရင် ကိုလှဝင်းအတွက် ပုံသကူပစ်ရဦးမယ် အဒေါ်ရဲ့”

သူမ၏စကားကြောင့် ဒေါ်မြလေးမှာ ပြူးကြောင်ကြောင်မျက်လုံးဖြင့် . . .

“နင် ဆိုင်ကယ်မစီးရဲရင် ကားနဲ့ပဲ ငါ ပြန်လိုက်မယ်လေ၊ နင့်အဖေ ငါ့အစ်ကို ပြောမှာကို ကြောက်လို့သာ လိုက်လာရတာ၊ လူသေရင် ငါ ဘယ်တော့မှ သွားတာမဟုတ်ဘူး”

ဟု ပြန်ရန်အရေး နားပူနားဆာ လုပ်လေတော့၏။ သူမမှာ အဒေါ်ဖြစ်သူအား စိတ်မရှည်တော့ဘဲ . . .

“ဘယ်လိုဖြစ်နေတာလဲ အဒေါ်ရယ်၊ ကိုလှဝင်းက ဒီအိမ်မှာဆုံးတာလည်း မဟုတ်ဘဲနဲ့၊

www.burmeseclassic.com

www.burmeseclassic.com

အဒေါ် ပြန်ချင်ပြန်လေ . . . ကျွန်မ အဖေ့ကို ဖုန်းဆက်ပြောလိုက်မယ်၊ ဘယ်လိုလဲ”

ဟု ခြိမ်းခြောက်လိုက်ရာ ဒေါ်မြလေးမှာ လက်တကာ ကာဖြင့် . . .

“အမယ်လေး . . . ကိုစိုင်းလုံကိုတော့ မပြောလိုက်ပါနဲ့၊ သရဲထက် သူက ပိုကြောက်ဖို့ကောင်းတယ်၊ ငါ့ကို မတရားဆူမှာဟဲ့၊ ငါ မပြန်တော့ပါဘူး၊ နင်နဲ့ပဲ စောင့်အိပ်ပေးပါ့မယ်”

ဟု ဆိုလေတော့၏။

# အပိုင်း (၅)

www.burmeseclassic.com

www.burmeseclassic.com

ညသည် တစ်စထက်တစ်စ ပိုမိုမှောင်မိုက်လာ၏။

ဒေါ်မြလေးတစ်ယောက် မီးလင်းဖိုအား မီးထိုးလျက် စိပ်ပုတီးကို လည့်၍ဆွဲလိုက်၏။ ဘုရားစာကို နှုတ်မှ တဖွဖွရွတ်ဆိုကာ တူမဖြစ်သူအနီး ဝင်အိပ်လိုက်၏။

ဒေါ်မြလေးသည် ဥမ္မာနှင့် ပူးကပ်အိပ်လျက် စောင်အား အတင်းလုယူကာ ခေါင်းမြီးခြုံအိပ်လေ၏။



"ဘယ်လိုဖြစ်နေတာလဲ အဒေါ်ရယ် . . . ဟိုမှာ စောင်တွေ တစ်ထပ်ကြီးရှိနေတဲ့ဟာ၊ ဘာလို့ ကျွန်မစောင်ကို အတင်းလုနေရတာလဲ"

ဥမ္မာ၏မကျေမနပ်အပြောကြောင့် ဒေါ်မြလေးမှာ စောင်တွင်းမှ ခေါင်းလှပ်ရင်း . . .

"ဟဲ့ . . . ငါ့ဟာငါ စောင်တစ်ထည်ခြုံရင် နင်နဲ့ငါ တခြားစီဖြစ်သွားမှာပေါ့၊ ငါကြောက်တယ်၊ နင်နဲ့ပဲ ကပ်အိပ်မယ်၊ မကျေနပ်လည်း မတတ်နိုင်ဘူး . . . အိပ်ပြီ"

ဟု ဘုဘောက်စကားဆိုကာ စောင်ကိုတင်းအောင်ခြုံလျက် အိပ်စက်လေ၏။

"အဒေါ်ကလေ . . . အသက်ပဲ ခြောက်ဆယ်ပြည့်တော့မယ်၊ ခုထိ ကလေးစိတ်မကုန်သေးဘူး၊ အဲဒါကြောင့် လင်မရဘဲ အပျိုကြီးဖြစ်နေတာ"

သူမသည် ဒေါ်မြလေးအား မကျေမနပ်ရေရွတ်ရင်း အိပ်စက်ရန် မျက်လုံးစုံမှိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် ယောကျ်ားဖြစ်သူကို သတိရလွမ်းဆွတ်စိတ်ကြောင့် အိပ်မပျော်ဘဲ ရှိလေ၏။

အတန်ကြာမှ . . . ဘယ်ညာလူးလှိမ့်ကာ မှေးခနဲ အိပ်ပျော်သွားလေတော့၏။

ဒေါ်မြလေးတစ်ယောက် စောင်အတွင်း၌ မျက်လုံးစုံမှိတ်ရင်း ဘုရားစာကို တတွတ်တွတ်ရေရွတ်နေရှာ၏။

ဘုရားစာရွတ်ရင်း အိပ်ချင်စိတ်ကလာရာ ပါးစပ်ဟောင်းလောင်းနှင့်ပင် အိပ်ပျော်သွားလေ၏။

ခြေထောက်မှ ယားယံမှုကြောင့် ဒေါ်မြလေးမှာ ဆတ်ခနဲတွန့်သွား၏။

"ဒေါ်မြလေး . . . ထပါဦး"

နားထဲကြားရသော ခေါ်သံသဲ့သဲ့ကြောင့် အိပ်ချင်မူးတူးဖြင့်ပင် စောင်ကြားထဲမှ ခေါင်းလှုပ်လျက် . . .

"အင်း . . . ဘာလဲ"

ဟု ယောင်ယမ်းထူးလိုက်၏။

"ဒေါ်မြလေး . . . ဒေါ်မြလေး မျက်လုံး ဖွင့်ပါဦး"

လေးလံလွန်းသော မျက်ခွံများကို အတင်းဖြဲ၍ ကြည့်လိုက်ရာ . . .

ခုတင်ခြေရင်း၌ မားမားကြီးရပ်နေသော မောင်လှဝင်းကို တွေ့ရလေ၏။

သူမ ခေါင်းမွေးထောင်မတတ် ထိတ်လန့်သွားစဉ်မှာပင် မောင်လှဝင်းသည် ပြုန်းဆို မြင်ကွင်းမှ ပျောက်ကွယ်သွား၏။

ထို့နောက် ခေါင်းရင်း၌ ဘွားခနဲ သူမအား စူးစိုက်ကြည့်နေလေ၏။

၎င်း၏လက်အစုံမှာ သူမ၏လည်မျိုသို့ ရောက်လာပြီး လည်ပင်းညှစ်ရန် ကြိုးစားလိုက်၏။

ဒေါ်မြလေးမှာ လိပ်ပြာလွင့်မတတ် ထိတ်လန့်သွားပြီး. .

"အမယ်လေးတော့် . . . သရဲ, သရဲ . . .

မောင်လှဝင်း သရဲ, သရဲ"

ဟု ငယ်သံပါမတတ် အော်ဟစ်လိုက်၏။

အသံကြောင့် ဦးမှာမှာ လန့်နိုးလျက် ဒေါ်မြလေးကိုကြည့်လိုက်ရာ စောင်ဖြင့် လုံးထွေးအော်ဟစ်နေကြောင်း တွေ့ရလေ၏။

www.burmeseclassic.com

"အဒေါ်, အဒေါ် ဘာတွေအော်နေတာလဲ၊ သတိထားစမ်းပါ . . . အဒေါ်, အဒေါ်"

သူမသည် ဒေါ်မြလေး၏တင်ပါးကို ရိုက်ပုတ်လျက် ပြောလိုက်လေ၏။

ဒေါ်မြလေးတစ်ယောက် ဇောချွေးပြန်လျက် အိပ်ရာထက်မှ ကုန်းရုန်းထရင်း . . .

"ကြောက်တယ် မနေရဲတော့ဘူး၊ ပြန်မယ် . . . ငါပြန်မယ်၊ မောင် . . . မောင်လှဝင်း ငါ့ကို ခြောက်တယ်၊ လည် . . . လည်ပင်း လာညှစ်တယ်"

ဟု ကယောင်ချောက်ချား ရေရွတ်လိုက်၏။

"ကျွန်မတွေ့တာတော့ အဒေါ် စောင်နဲ့ လုံးထွေးနေတာပဲ၊ ပြတင်းပေါက်ရော အခန်းတံခါးပါ ပိတ်ထားပါတယ်ဆိုမှ စောင်ကို ခေါင်းမြီးခြုံအိပ်တော့ အသက်ရှူကျပ်မှာပေါ့၊ အသက်ရှူမရပ်တာ တော်သေးတယ်"

ဥမ္မာ၏စကားကို ဒေါ်မြလေးမှာ နားမဝင်ဘဲ . . .



"နင် မသိဘူးနော် . . . ဒီ, ဒီအိမ်ကြီးထဲမှာ မောင်လှဝင်း ရှိနေတယ်၊ ငါ, ငါ . . အခြောက်ခံရတာ သေချာတယ်၊ သေချာတယ်"

ဟု အရူးတစ်ယောက်လို တွင်တွင်ရေရွတ်လိုက်လေတော့၏။

www.burmeseclassic.com

# အပိုင်း (၉)

နောက်တစ်နေ့သို့ရောက်လျှင် ဒေါ်မြလေးမှာ သူမကို ပင် မဟောင့်တော့ဘဲ လိုင်းကားဖြင့် တောင်ပေါ်ပြန်သွားလေ၏။

သူမသည် လဲလှယ်ထားသော ငွေအကြွေတစ်သိန်းဖိုးကို အိတ်ထဲထည့်၍ ဆိုင်ကယ်ဖြင့် ပုံသကူပစ်ရန် ထွက်ခဲ့၏။

အေးသာယာမြို့အနှံ့ လမ်းကြိုလမ်းကြားမကျန်အောင် သွားကာ ငွေပုံသကူပစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

နေ့တစ်ဝက်ကျိုးချိန်မှာပင် ပွဲသကူပစ်ခြင်း ပြီးဆုံးကာ အိမ်သို့ပြန်ခဲ့၏။

သူမ ရေမိုးချိုးကာ အဝတ်များ လဲလှယ်လိုက်၏။

ထိုအခိုက်မှာပင် ကားဂိုဒေါင်ဘက်ဆီမှ အသံများကို ကြားလိုက်ရ၏။

"ဟင် . . . အသံတွေ ကြားနေရတယ်၊ ဒီ အသံဟာ တစ်ယောက်ယောက် ပစ္စည်းတွေကို မွှေနှောက်ရှာဖွေနေတဲ့အသံပဲ၊ ဂိုဒေါင်ထဲ သူခိုး များ ဝင်နေရော့သလား"

အတွေးနှင့်အတူ သူမသည် မီးဖိုဆောင်၌ ဆောင်ထား သော နှစ်-တစ်လက်မတုတ်ကို ကောက်ဆွဲလိုက်၏။

ထို့နောက် ဂိုဒေါင်ဘက်သို့ ရင်တထိတ်ထိတ်နှင့်ပင် တိတ်တဆိတ် ချဉ်းကပ်ခဲ့၏။

သူမ တုတ်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်လျက် ဂို ဒေါင်တံခါးကို ဆောင့်ဆွဲဖွင့်လိုက်၏။

ဂိုဒေါင်တွင်း၌မူ အလင်းရောင်ကောင်းစွာမရသဖြင့် မီး ခလုတ်အား လှမ်းဖွင့်လိုက်၏။



ဂိုဒေါင်တွင်း၌မူ ကားတာရာအဟောင်းများ၊ သံတိုသံ စများမှလွဲ၍ မည်သူမျှမရှိချေ။

ထိုအခိုက်မှာပင် ဂိုဒေါင်၏အပေါ်ထပ်ဆီမှ . . .

'ရှပ် . . ရှပ် . . ရှပ်'

ဆိုသော လူတစ်ယောက် ခြေရှပ်တိုက်သွားသံကို ကြား လိုက်ရ၏။

အသံကြောင့် ဘာကြောင့်မှန်းမသိဘဲ ကြက်သီးဖျန်းခနဲ ထသွားမိ၏။

သို့သော် စိတ်အားတင်းကာ ဂိုဒေါင်၏လှေကားအတိုင်း တရွေ့ရွေ့တက်ခဲ့လေ၏။

အပေါ်ထပ်သို့ရောက်လျှင် မည်သူမျှမရှိဘဲ ဖုန်အလိမ်း လိမ်းတက်နေသော ကြမ်းပြင်ကိုသာ တွေ့ရ၏။

ထိုစဉ် ဂိုဒေါင်အောက်ထပ်မှ . . .

'ဒုန်း . . ဂလုန်း . . ဂလုန်း . . ဂွမ်း'

ဆိုသော အသံကို ရုတ်တရက် ကြားလိုက်ရသဖြင့် 'အမယ်လေး' ဟု အသံထွက်အောင်ပင် သူမ ထိတ်လန့်သွား၏။

လှေကားအတိုင်း ပြန်ဆင်း၍ကြည့်လိုက်ရာ မီးခိုးခေါင်း

www.burmeseclassic.com

www.burmeseclassic.com

တိုင်အဟောင်းကြီးကို တွန်းတိုက်၍ထွက်ပြေးသွားသော ကြောင်တစ်ကောင်အား တွေ့ရလေ၏။

ထိုအခါမှ သူမ သက်ပြင်းချနိုင်သွားပြီး . . .

"တော်သေးတာပေါ့ . . . လူမဝင်ဘဲ
ကြောင်ဝင်ပေလို့ပဲ၊ အဲ . . ဒါပေမဲ့ ကြောင်ရဲ့
ခြေသံက ဘာလို့ လူတစ်ယောက်ရှပ်တိုက်သွား
သလို ဖြစ်နေရတာလဲ"

ဟု စဉ်းစားမိကာ သူမ တွေးမရအောင် ဖြစ်သွား၏။

သို့သော် ထိုကိစ္စကို မေ့မေ့ပျောက်ပျောက်ထားကာ ကလေးများ ပြန်ခေါ်ရန်အတွက် တောင်ပေါ်သို့ ထွက်ခွာခဲ့လေတော့၏။

# အပိုင်း [၁၀]

www.burmeseclassic.com

www.burmeseclassic.com

တစ်ခုသောနေ့လယ်ခင်း၌ . . .

မဥမ္မာသည် စားသောက်ပြီးသောပန်းကန်များကို ဆေးကြောနေလေ၏။

ထိုအချိန် . . .

သမီးကြီးသူဇာမှာ ခြံထဲ၌ ဆော့ကစားနေ၍ သားငယ်ဖိုးသားမှာ ဧည့်ခန်းတွင်း၌ အိပ်ပျော်နေလေ၏။



သူမ ပန်းကန်ဆေးကြောပြီး ရေသုတ်နေစဉ်မှာပင် အိမ်ရှေ့ဆီမှ စူးစူးဝါးဝါး အော်ဟစ်သံကို ကြားလိုက်ရ၏။

သူမ ခေါင်းနားပန်းကြီးလျက် အိမ်ရှေ့သို့ ပြေးထွက်လာရာ . . .

"ဟင့်အင်း, ဟင့်အင်း . . . မေမေ့ကို ခေါ်ဦးမယ် . . . မလိုက်ဘူး မလိုက်ဘူး"

ဖိုးသားသည် သင်ဖြူးဖျာထက် လူးလှိမ့်လျက် ယောင်ယမ်းအော်ဟစ်နေ၏။

သူမ သားဖြစ်သူအား ပြေးပွေ့လျက် . . .

"ဖိုးသား . . ဖိုးသား . . . ဘာတွေ ယောင်အော်နေတာလဲ၊ မေမေပြောနေတယ် . . . ထစမ်း . . . ထ"

ဟု လှုပ်နှိုးလိုက်၏။

ဖိုးသားလေးမှာ မျက်လုံးများ ပွင့်လာပြီး သူမကို ကြောင်ငေးကြည့်လျက် . . .

"ဖေ . . . ဖေဖေရောဟင် . . . ဖေဖေ ဘယ်ရောက်သွားလဲ"

www.burmeseclassic.com

www.burmeseclassic.com

ဟု မေးလိုက်ရာ သူမသည် ရင်ထိတ်သွားပြီး . . .

"သားဖေဖေ ဒီမှာမရှိဘူးလေ သားရဲ့ . . .
သားက ဘာလုပ်ဖို့လဲ"

ဟု မေးမြန်းလိုက်၏။

ဖိုးသားလေးသည် ခေါင်းခါယမ်းလျက် . . .

"ဟုတ်ပါဘူး . . . ဖေဖေ ရှိတယ်၊ ခုနက တောင် သားဘေးမှာထိုင်ပြီး မုန့်သွားစားမလို့ ဆိုပြီး ခေါ်နေသေးတာ၊ သားက မေမေ့ပါ ခေါ်မယ်ဆိုတော့ ဖေဖေက သားရဲ့လက်ကိုအတင်း ဆွဲတယ်"

သားငယ်၏စကားကြောင့် သူမ မျက်လုံးပြူးသွားရလေ၏။

"ဘုရား၊ ဘုရား . . . သားကို သူ့အဖေ လာခေါ်တယ် ဆိုပါလား၊ ဒုက္ခပါပဲ . . . ငါ ဘာလုပ်ရမလဲ၊ သားအတွက် ငါ ဘာလုပ်ရမလဲ"

အတွေးနှင့်အတူ သူမ အသက်မရှူမိလောက်အောင်



ငြိမ်သက်သွားမိ၏။

ဖိုးသားမှာ မိခင်၏လက်ကို လှုပ်ယမ်းလျက် . . .

"ဖေဖေ ပြန်ရောက်နေပြီမဟုတ်လား မေမေ၊ သား တွေ့ချင်တယ် . . . ခေါ်ပေးပါ"

သားငယ်၏အသံကြောင့် သူမ သတိပြန်ဝင်လာပြီး နဖူးမှဆံစလေးများကို သပ်တင်ပေးရင်း . . .

"သားဖေဖေက အကြာကြီးနေမှ မေမေတို့ဆီ လိုက်လာမှာ၊ သားဖေဖေ မရောက်သေးပါဘူး သားရယ်၊ ငါ့သားလေး စိတ်စွဲလို့ အိပ်မက်၊ မက်နေတာကွဲ့"

ဟု ပြောလိုက်လေ၏။

ဖိုးသားလေးသည် သူမအား ဝိုင်းစက်သော မျက်လုံးများဖြင့် ခေါင်းမော့ကြည့်လျက် . . .

"စိတ်စွဲရင် ဒီလိုပဲ အိပ်မက်၊မက်တတ်တာလားဟင် မေမေ"

"ဟုတ်တာပေါ့ သားရယ် . . . သားက သားဖေဖေကို သတိရနေတယ် မဟုတ်လား၊

www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် အိပ်မက်,မက်တာပေါ့”

သူမ၏စကားကြောင့် ဖိုးသားလေးမှာ တစ်စုံတစ်ခုကို တွေးတောမိဟန်ဖြင့် . . .

“ဒိုက်ဦးအိမ်မှာ ကျွန်ခဲ့တဲ့ ဝတ်ဝံရုပ်ကြီးကို သား အရမ်းသတိရတာပဲ မေမေ၊ သားမွေးနေ့ တုန်းက ဖေဖေဝယ်ပေးထားတာလေ၊ ဝက်ဝံ ရုပ်ကြီးကို သားက သတိရပြီး သူက ဘာလို့ သားရဲ့အိပ်မက်ထဲ ရောက်မလာခဲ့တာလဲ မေ မေ”

ဟု စကားတတ်စွာ မေးမြန်းလေ၏။

သူမသည် သားဖြစ်သူအား ပြုံးကြည့်လျက် . . .

“သားလိုချင်ရင် အဲဒီဝက်ဝံရုပ်ကြီးလိုမျိုး မေမေ အသစ်ထပ်ဝယ်ပေးမယ်နော် . . . ဟုတ်လား”

ဟု ပြောလိုက်ရာ ဖိုးသားလေးမှာ နှုတ်ခမ်းစူလျက် . . .

“အသစ်မလိုချင်ပါဘူး၊ ဖေဖေဝယ်ပေးတဲ့ အရုပ်ကြီးပဲ လိုချင်တာ”



သားငယ်၏စကားကြောင့် သူမရင်ထဲ ဆို့တက်သွားရ လေ၏။

www.burmeseclassic.com

# အပိုင်း (၁၁)

"ဖိုးသားလေးကို ကျွန်မ စိုးရိမ်တယ် အဖေ၊ ကလေးက ကိုလှဝင်းကို မြင်တွေ့နေရသလိုပဲ၊ ပြီးတော့ . . . ကိုလှဝင်းဟာ ဖိုးသားကို သိပ်ချစ်တာ၊ ကလေးကလည်း သူ့အဖေကိုချည်းပဲ တမ်းတနေတယ် အဖေ၊ ကျွန်မ ဘာလုပ်ရမလဲ"

မဉမ္မာ၏စကားကြောင့် ဦးစိုင်းလုံမှာ ဆေးတံကြီးကို ဖွာ

www.burmeseclassic.com

www.burmeseclassic.com

ရှိုက်လျက် . . .

"သားကလည်း ဖအေကို စွဲလမ်းတယ်၊ ဖအေကလည်း သားကို သံယောဇဉ်သိပ်ကြီးတယ်၊ အဲဒီဒုက္ခဆင်းရဲက လွတ်မြောက်ဖို့ဆိုတာ သိပ်တော့မလွယ်ဘူး သမီး၊ ဖိုးသားလေးဟာ နုနယ်တဲ့ကလေးတစ်ယောက် ဖြစ်နေတော့ ပိုဆိုးတယ်ကွဲ့၊ ဘာပဲဖြစ်ဖြစ် ကလေးနှစ်ယောက်လုံးအတွက် အရံအတားတော့ လုပ်သင့်နေပြီ"

ဟု ပြောလိုက်လေ၏။

"ဘယ်လိုအရံအတားလုပ်ရမှာလဲ အဖေ၊ ကျွန်မ နားမလည်ဘူး"

ဦးစိုင်းလုံသည် သူမအား စူးစိုက်ကြည့်လျက် . . .

"အဖေတို့မြို့ပေါ်က ဘုရားကျောင်းမှာ ပုဏ္ဏားဆရာကြီးတစ်ဦးရှိတယ် သမီး၊ ငါ့သမီး အဲဒီဆရာကြီးနဲ့ သွားတွေ့သင့်နေပြီ၊ ဖိုးသားလေးနဲ့ပတ်သက်ပြီး ငါ့သမီးရင်ထဲက စိုးရိမ်



ပူပန်မှုတွေကို ပုဏ္ဏားဆရာကြီးပဲ ပပျောက်အောင် လုပ်ပေးနိုင်မယ်လို့ အဖေ ယူဆတယ်"

ဟု ပြောလိုက်ရာ သူမသည် စိတ်လှုပ်ရှားသွားပြီး . . .

"ဒါဆို ပုဏ္ဏားဆရာကြီးနဲ့ ကျွန်မ သွားတွေ့မယ်၊ အဖေပြန်ရင် တစ်ခါတည်း လိုက်ခဲ့မယ်"

ဟု ပြောလိုက်လေ၏။

ထို့နောက် သူမသည် ဖခင်အား နေ့လယ်စာကျွေးမွေးပြီးနောက် ဖခင်နှင့်အတူ မြို့ပေါ်သို့ တက်ခဲ့လေ၏။

တိတ်ဆိတ်အေးချမ်းသော ဟိန္ဒူဘုရားကျောင်းလေးရှေ့၌ သူမ ဆိုင်ကယ်ကို ရပ်တန့်လိုက်၏။

ဘုရားကျောင်းဆီမှ ထွက်ပေါ်လာသော ခေါင်းလောင်းဆွဲသံမှာ ပူလောင်သော သူမ၏ရင်အား အေးချမ်းသလို ခံစားလိုက်ရ၏။

သူမသည် ဘုရားကျောင်းအတွင်းသို့ လျှောက်လှမ်းခဲ့လေ၏။

ကျောင်းဝင်းတစ်ခုလုံး လူသူကင်းရှင်းလျက် ရှိ၏။

သူမသည် ခေါင်းလောင်းတီးခတ်၍ ဆုတောင်းစာများ

www.burmeseclassic.com


ရွှတ်ဖတ်နေသော အဘိုးအိုတစ်ဦး၏အနီးသို့ လျှောက်သွား၏။

ထိုအဘိုးအိုမှာ အထက်အောက် အဖြူရောင်ဝတ်စုံကို ဆင်မြန်းလျက် ဘုရားဝတ်ပြုနေလေ၏။

သူမသည် အဘိုးအို ဘုရားဝတ်ပြုပြီးသည့်အချိန်ကို ထိုင်၍ စောင့်ဆိုင်းနေမိ၏။

ဝတ်ပြုပြီးလျှင် အဘိုးအိုမှာ သူမအား မြင်တွေ့သွားလေ၏။

"ဟောဒီဘုရားကျောင်းထဲက ပုဏ္ဏားဆရာကြီးနဲ့ တွေ့ချင်လို့ပါရှင်၊ အဘိုးသိရင် လမ်းညွှန်ပေးပါလား"

သူမ၏စကားကြောင့် အဘိုးအိုမှာ သူမအား စူးစိုက်ကြည့်ရင်း . . .

"မိန်းကလေးတွေ့ချင်တဲ့ ပုဏ္ဏားဆရာကြီးက ကျုပ်ပဲကွဲ့၊ ဘာကိစ္စများရှိလို့လဲ မိန်းကလေး၊ ကျုပ် ဘာကူညီပေးရမလဲကွဲ့"

ဟု လွန်စွာ အေးချမ်းသောအသံဖြင့် မေးမြန်းလေ၏။

သူမသည် ပုဏ္ဏားဆရာကြီးအား အားကိုးတကြီးကြည့်လျက် ဖိုးသားလေးနှင့်ပတ်သက်သောကိစ္စကို ပြောပြလိုက်လေ၏။

ပုဏ္ဏားဆရာကြီးမှာ သူမ၏စကားကို ငြိမ်သက်စွာ နားထောင်နေလေ၏။

ပြီးလျှင် ခေါင်းဆတ်ဆတ်ညိတ်လျက် . . .

"ကောင်းပါပြီ မိန်းကလေး၊ ကလေးငယ်အတွက် ကျုပ်အကောင်းဆုံးဖြစ်အောင် လုပ်ပေးနိုင်ပါတယ်၊ မိန်းကလေးရဲ့နေရပ်လိပ်စာသာ ပေးခဲ့ပါ၊ မနက်ဖြန်မနက် ကျုပ် အရောက်လာခဲ့ပါ့မယ်၊ ကလေးတွေကို ဘယ်မှမသွားခိုင်းပါနဲ့"

ဟု ဆိုလေ၏။

ထို့နောက် သူမသည် ပုဏ္ဏားဆရာကြီးအား အိမ်လိပ်စာပေး၍ နှုတ်ဆက်ကာ ပြန်ခဲ့လေတော့၏။

အေးသာယာရှိ နေအိမ်သို့ပြန်ရောက်လျှင် ခြံဝရောက်ရောက်ချင်း မြင်လိုက်ရသော မြင်ကွင်းကြောင့် သူမ အကြီးအကျယ် ထိတ်လန့်သွား၏။

www.burmeseclassic.com

www.burmeseclassic.com

နှပ်ထပ်တိုက်လေးအတွင်းမှ ကစားစရာ, ပန်းအိုး, ဖန်ခွက် . . . အစရှိသောပစ္စည်းများသည် ခြံဝင်းထဲသို့ လွင့်စဉ်ကျလာ၏။

"ဘုရား, ဘုရား . . . အိမ်ထဲက ပစ္စည်းတွေ အပြင်ကို လွင့်ထွက်နေပါလား၊ ငါ့, ငါ့အိမ်မှာ ပုဏ္ဏကများ တိုက်လေးရော့သလား၊ အမယ်လေး . . . ငါ့ကလေးတွေ ငါ့ကလေးတွေရော"

သူမ အကြီးအကျယ်ထိတ်လန့်လျက် ခြံဝင်းထဲ ပြေးဝင်ခဲ့လေ၏။

အိမ်ထဲမှ တဖွဲဖွဲလွင့်စဉ်လာသော ပစ္စည်းများကို ရှောင်ရှားကာ အိမ်တံခါးပေါက်အနီးသို့ ချဉ်းကပ်ခဲ့၏။

တံခါးဝမှ အသာချောင်းမြောင်းကြည့်လိုက်ရာ မြင်လိုက်ရသော မြင်ကွင်းကြောင့် သူမ မျက်လုံးပြူးသွားရလေ၏။

# အပိုင်း [၁၂]

www.burmeseclassic.com

www.burmeseclassic.com

"ဖိုးသား . . . ဒါ ဘာလုပ်နေတာလဲ၊ ဘာ ဖြစ်နေတာလဲ . . . ဖိုးသား, ဖိုးသား"

မဥမ္မာတစ်ယောက် အသံကုန်အော်ဟစ်ရင်း ဖိုးသားရှိရာ ပြေးသွား၏။

ဖိုးသားလေးမှာ ပစ္စည်းများအား အိမ်ပြင်သို့ လွှင့်ပေါက်ပစ်နေ၏။



ဝင်း၏မျက်နှာသည်ကား ကြောက်မက်ဖွယ်ကောင်းလောက်အောင် မာထန်နေ၏။

သူမ . . . ဖိုးသားလေး၏လက်အစုံကို ချုပ်ကိုင်ထားလိုက်၏။

ကလေးငယ်မှာ သူမ၏လက်မှ ရုန်းကန်လျက်ရှိလေ၏။

"ဘာဖြစ်နေတာလဲလို့ မေမေမေးနေတယ်နော်၊ ပြောစမ်း . . . ဘာလို့ ပစ္စည်းတွေကို လွှင့်ပစ်နေရတာလဲ"

သူမသည် ဖိုးသားလေး၏ကိုယ်ကို ဆွဲလှုပ်လျက် မေးလိုက်၏။

ဖိုးသားလေးမှာ စိတ်နှင့်ကိုယ် မကပ်သူတစ်ယောက်နှယ် သူမအား တွေတွေကြီး ငေးစိုက်ကြည့်လျက် . . .

"မကျေနပ်လို့ လုပ်တာ . . . မကျေနပ်လို့ လုပ်တာ"

ဟု အသံမာမာကြီးဖြင့် ပြန်ပြောလေ၏။

သူမ ရင်ဘတ်ဖိလျက် မျက်လုံးပြူးသွားပြီး . . .

"ဘာ . . . မကျေနပ်လို့ . . . ဟုတ်လား၊

www.burmeseclassic.com

www.burmeseclassic.com

သားက ဘာကိုမကျေနပ်တာလဲ၊ သားလိုချင်

တာမှန်သမျှ ဝယ်ပေးနေတာပဲ မဟုတ်လား၊

ဘာကို မကျေနပ်စရာရှိလို့လဲ . . . မေမေ့ကို

ပြောစမ်း"

ဟု စိတ်ရှုပ်ထွေးစွာ မေးမြန်းလိုက်၏။

ကလေးငယ်သည် မျက်တောင်များ ပုတ်ခတ်လျက် သူမအား စိုက်ကြည့်ရင်း . . .

"ဖေဖေ့ကိုမှ မတွေ့ရတာ၊ မကျေနပ်ဘူး

. . . မေမေ့ကို မကျေနပ်ဘူး"

ဟု အသံကုန်အော်ဟစ်လိုက်၏။

သူမအား ဆောင့်တွန်းကာ အိမ်ပြင်သို့ ပြေးထွက်သွား၏။

"သား . . . ဘယ်သွားမလို့လဲ၊ မသွားနဲ့

. . . မသွားနဲ့"

သူမ ငယ်သံပါမတတ် တားဆီးလိုက်သော်လည်း ကလေးငယ်မှာ စေ့ထားသော ခြံတံခါးကို တွန်းဖွင့်လျက် ထွက်ပြေးသွားလေ၏။



သူမ အသည်းအသန် ပြေးလိုက်ခဲ့မိ၏။

ထိုအခိုက်မှာပင် . . . 'ကျွီ'ခနဲ ဘရိတ်အုပ်လိုက်သော ဆိုင်ကယ်သံကို ကြားလိုက်ရ၏။

ကြည့်လိုက်ရာ ဆိုင်ကယ်တစ်စီးရှေ့ လဲကျနေသော ဖိုးသားကို တွေ့ရလေ၏။

"အမယ်လေး . . . ငါ့သားလေး၊ ငါ့သား

လေး၊ လုပ်ကြပါဦး"

သူမ အရူးတစ်ယောက်လို အော်ဟစ်ရင်း ထိုနေရာသို့ ပြေးသွား၏။

ဆိုင်ကယ်စီးသူမှာ ဆိုင်ကယ်ကိုဒေါက်ထောက်လျက် ဆိုင်ကယ်ပေါ်မှဆင်းလာကာ . . .

"အစ်မသား ဘာမှမဖြစ်ပါဘူး၊ ခြံထဲက

ပြေးထွက်လာပြီး ကျွန်တော့်ဆိုင်ကယ်ရှေ့က

ဖြတ်ပြေးတာ၊ ကျွန်တော် အချိန်မီ ဘရိတ်အုပ်

နိုင်လို့ပေါ့၊ အကြောက်လွန်ပြီး လဲကျသွားတာ

ဗျ၊ ကျွန်တော် အိမ်ထဲပို့ပေးမယ်"

ဟု ပြောဆို၍ ဖိုးသားကို ပွေ့ချီကာ အိမ်ထဲပို့ပေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ဖိုးသားလေးမှာ အကြောက်လွန်လျက် တဟီးဟီးငိုကြွေး နေရှာ၏။

# အပိုင်း [၁၃]

www.burmeseclassic.com

www.burmeseclassic.com



ညသို့ရောက်လျှင် ဖိုးသားလေးသည် နေ့ခင်းက အဖြစ်ကြောင့် အကြောက်လွန်ကာ အဖျားတက်လေတော့၏။

သူမနှင့် သမီးအကြီးမှာ ဖိုးသားလေးအား ရေဖတ်အုပ်ခြင်း၊ ဆေးတိုက်ခြင်းများ ပြုလျက် အိပ်ချိန်မရနိုင်အောင် ဖြစ်နေကြ၏။

သူမသည် ရေဖတ်အုပ်ပေးရင်း . . .

"သမီးကြီး . . . သမီးရော သမီးဖေဖေကို သတိမရဘူးလား၊ အိပ်မက်တွေရော မမက်ဘူးလားဟင်"

ဟု မေးလိုက်ရာ သမီးကြီးမှာ သူမအား ကြောင်ငေးကြည့်လျက် . . .

"သတိရတာပေါ့ မေမေရဲ့၊ ဒါပေမဲ့ . . . ဖေဖေက နေမှမကောင်းတာ၊ ဖေဖေ နေကောင်းရင် သမီးတို့ဆီ လိုက်လာမယ်မဟုတ်လား၊ သမီးကတော့ ဒိုက်ဦးအိမ်ကို ဘယ်တော့မှ မသွားတော့ဘူး၊ ဒေါ်ကြီးညိုက မေမေ့ကို အရမ်းအနိုင်ကျင့်တယ်၊ သမီး မကြိုက်ဘူး"

ဟု လူကြီးဆန်စွာ ပြန်ပြောလေ၏။

သူမသည် သက်ပြင်းသဲ့သဲ့ချလျက် . . .

"ကိုယ်က ငွေယူမိတာကိုး သမီးရယ်၊ ဒီတော့လည်း အပြောခံရမှာပေါ့၊ မေမေမေးတာ ဖြေပါဦး၊ သမီးအဖေကို အိပ်မက်တွေ ဘာတွေ မက်သေးလားဟင်"

www.burmeseclassic.com

www.burmeseclassic.com


ဟု ထပ်မေးလိုက်၏။

သမီးကြီးမှာ ခေါင်းခါယမ်း၏။

"မမက်ပါဘူး၊ သမီးက ဖေဖေ့ထက် မေမေ့ကို ပိုချစ်တာ၊ ဖေဖေက သမီးထက် ဖိုးသားကို ချစ်တာလေ၊ ဒါကြောင့် သူ့ကို မချစ်ဘူး"

ဟု နှုတ်ခမ်းစူကာ ဖြေလေ၏။

ထိုအခိုက်မှာပင် အိပ်ပျော်နေသော ဖိုးသားလေးမှာ ညည်းညူသံများ ထွက်လာလေ၏။

"ဖေဖေ ... ဖေဖေ ... ဖေဖေ ... ဖေဖေ"

ဖိုးသား၏ကယောင်ကတမ်း ရေရွတ်သံကြောင့် သူမ ထိတ်လန့်သွားမိ၏။

"သား ... သားလေး မေမေရှိတယ်လေ သား ... သား"

သူမ သား၏တစ်ကိုယ်လုံးကို သိမ်းကြုံးဖက်ကာ လှုပ်နှိုးလိုက်၏။

"ဖေဖေ ... ဖေဖေ သားတို့ကိုထားပြီး အမှောင်ထဲ ဝင်သွားတယ်၊ သား ... သား လိုက်ရှာပေမယ့် ဖေဖေ့ကို မတွေ့တော့ဘူး၊ ဖေဖေ့ကို ခေါ်ပေးပါ၊ ခေါ်ပေးပါ မေမေ၊ ခေါ်ပေးပါ ... ဟီး ဟီး ဟီး ဟီး"

ဥမ္မာသည် သားငယ်အား ထွေးပွေ့လျက် ဝမ်းနည်းအားငယ်စိတ်များ လှိုက်တက်လာ၏။

"မငိုပါနဲ့ သားရယ် ... သားလေး နေကောင်းတာနဲ့ မေမေ သားဖေဖေဆီ လိုက်ပို့ပေးမယ်နော်၊ မငိုနဲ့နော် သား ... တိတ် တိတ်"

သူမ တုန်ယင်သောအသံဖြင့် နှစ်သိမ့်ကာ မျက်ရည်များ သုတ်ပေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၄)

နောက်တစ်နေ့၌ . . .

ငင်းတို့၏အိမ်သို့ ပုဏ္ဏားဆရာကြီး ရောက်ရှိလာတော့၏။

ပုဏ္ဏားဆရာကြီးသည် ကလေးနှစ်ယောက်အား အနီးသို့ ခေါ်ယူစေ၏။

ဖိုးသားလေးမှာ ဆရာကြီးကိုမြင်လျှင် ကြောက်ရွံ့တကြီး

www.burmeseclassic.com

www.burmeseclassic.com

ဟန်ဖြင့် မိခင်၏ခါးကို ဖက်တွယ်ထားလေ၏။

"မကြောက်ပါနဲ့ သားရဲ့၊ ဟောဒီဘိုးဘိုးက သားလေး နေကောင်းအောင် ဆေးကုပေးဖို့ လာတာလေ၊ ဘိုးဘိုးဆီ သွားလိုက်နော် သား"

သူမသည် ထိုသို့ပြောရင်း ဖိုးသားကို ဆရာကြီးအနီး၌ ထိုင်စေ၏။

ပုဏ္ဏားဆရာကြီးသည် ဖိုးသားလေး၏မျက်နှာကို စူးစိုက်ကြည့်လျက် . . .

"ဒီကလေးရဲ့လိပ်ပြာဟာ သိပ်လှတယ်၊ လိပ်ပြာလွင့်နေသလို ဖြစ်နေတယ် သမီး၊ ကျုပ်နဲ့တွေ့တာ အချိန်မီလေးလို့ပြောရင်တောင် ရတဲ့ အနေအထားမှာ ရှိနေတယ်၊ ဒီတော့ . . . ကလေးအတွက် လိပ်ပြာကြိုး စီစဉ်ပေးခဲ့မယ်၊ ငါ့သမီး လက်ခံနိုင်ရဲ့လား"

ဟု-ပြောလိုက်ရာ သူမဟာ စိတ်လှုပ်ရှားစွာနှင့် . . .

"ဆရာပုဏ္ဏားကြီး ကောင်းသလိုသာ စီစဉ်ပေးပါရှင်၊ သားလေးအတွက် လုံခြုံဖို့စီစဉ်တာပဲ



ဆရာကြီးရယ်၊ ကျွန်မ လက်မခံနိုင်စရာ မရှိပါဘူးရှင်"

ဟု ပြောလိုက်လေ၏။

ပုဏ္ဏားဆရာကြီးသည် ခေါင်းဆတ်ဆတ်ညိတ်လျက် လွယ်အိတ်အတွင်းသို့ လက်နှိုက်လိုက်၏။

၎င်း၏လက်၌ အနီရောင်ချည်ကြိုးလိပ်လေး ပါလာ၏။

ထို့နောက် ၎င်း၏အိတ်တွင်းမှ လက်တစ်ဆစ်အရွယ်မျှရှိသော သတ္တုပြားလေးနှင့် သံချွန်လို အချောင်းလေးတစ်ခုကို ထုတ်ယူလိုက်ပြန်၏။

၎င်းသည် သတ္တုပြားလေးပေါ်၌ ရေးခြစ်လျက် နှုတ်မှ တတွတ်တွတ် ရွတ်ဆိုလိုက်၏။ ပြီးလျှင် သတ္တုပြားကို လိပ်ကာ ကြိုးတွင်ထည့်၍ ကျစ်လေ၏။

ပုဏ္ဏားဆရာကြီးသည် လက်ဝါးပေါ်တွင် ကြိုးလိပ်လေးကိုတင်လျက် နန္ဒင်းမှုန့်လို အဝါရောင်အမှုန့်များ ပက်ဖျန်းလိုက်၏။

ကြိုးလိပ်လေးကို ဆုပ်ကိုင်၍ ပါးစပ်နားတွေ့ကာ မျက်လုံးမှိတ်လျက် မန္တန်များ ရွတ်ဖတ်၏။

www.burmeseclassic.com

www.burmeseclassic.com

ရွတ်ဖတ်မှုပြီးလျှင် ဖိုးသားလေး၏လည်ပင်း၌ ထိုကြိုးလေးကို ဆွဲပေးလိုက်လေ၏။

"ဒါဟာ . . . လိပ်ပြာကြိုးပဲကွဲ့၊ လိပ်ပြာကြိုးဟာ ကလေးရဲ့လည်ပင်းမှာ ရှိနေသရွေ့ အိပ်မက်ဆိုးမြင်မက်ခြင်း, ထိတ်လန့်ခြင်း, မရဏသားတွေရဲ့နှောင့်ယှက်ခြင်းအပေါင်းက ကင်းလွတ်လိမ့်မယ်၊ သတိထားရမှာက တစ်ခုတည်း ရှိတယ်၊ အဲဒါကတော့ ကလေးကို ထဘီ တန်းအောက်တို့, ဘာတို့ကို လုံးဝမဝင်ခိုင်းပါနဲ့၊ ခုချိန်ကစပြီး ဒီကလေးရဲ့လိပ်ပြာဟာ လုံခြုံသွားပါပြီ"

ပုဏ္ဏားဆရာကြီးသည် ထိုသို့မှာကြားပြီးနောက် လိပ်ပြာကြိုးနောက်တစ်ခုအား ပြုလုပ်ကာ သမီးကြီး၏လည်၌ ဆွဲပေးလိုက်လေ၏။

"ကျေးဇူးကြီးလှပါတယ် ဆရာကြီးရယ်၊ ကျွန်မ ဆရာကြီးအတွက် ဥာဏ်ပူဇော်ခ ဘယ်လောက်ပူဇော်ရမလဲရှင့်"



သူမ၏စကားကြောင့် ပုဏ္ဏားဆရာကြီးမှာ ခေါင်းခါယမ်းလျက် . . .

"ပညာကို ငွေနဲ့တန်ဖိုးဖြတ်မရဘူး သမီး၊ ဒုက္ခရောက်သူကို ကူညီခြင်းဟာ ကျုပ်တို့လမ်းစဉ်ရဲ့ ကျင့်ထုံးပါပဲ၊ သဒ္ဓါရှိသရွေ့ လှူဒါန်းနိုင်ပါတယ် သမီး၊ ကျုပ်တို့မှာ သတ်မှတ်ချက် မရှိပါဘူး"

ဟု ဆိုလေ၏။

သူမသည် ဆရာကြီး၏စကားကြောင့် ဆရာကြီးအပေါ် ယုံကြည်လေးစားစိတ်များ ဖြစ်ပေါ်သွားမိ၏။

ထိုကြောင့် ငွေစက္ကူတစ်ထပ်ကို ထုတ်၍ ဆရာကြီးအား လှူဒါန်းလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၅)

တိုက်ဆိုင်မှုလား . . .

ထူးဆန်းမှုလေလား . . . မသိ။

ဖိုးသားလေးသည် လိပ်ပြာကြိုးဆွဲပြီးနောက်ပိုင်း ညဘက်လန့်အော်ခြင်း၊ ဖခင်အား တမ်းတမှုများ လုံးဝမရှိတော့ပေ။

ထို့ကြောင့် မဥမ္မာတစ်ယောက် သားဖြစ်သူအတွက် ပူပန်စိုးရိမ်စိတ်များ ပပျောက်သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့်ပင် ကိုလှဝင်းဆုံးပါးခဲ့သည်မှာ တစ်လပင်ပြည့်ခဲ့လေ၏။

တစ်လပြည့်သောနေ့၌ သူမသည် ဘုန်းကြီးကျောင်းများသို့ ဆွမ်းချိုင့်ပို့၍ ကောင်းမှုပြုပေးလေ၏။

ညနေကျောင်းဆင်းချိန်ရောက်လျှင် ကလေးနှစ်ယောက်အတွက် ထမင်းဟင်းများ ပြင်ဆင်ကာ ၎င်းတို့ပြန်လာချိန်အား ခြံဝထွက်၍ စောင့်မျှော်နေမိ၏။

ထိုစဉ် . . .

လူသွားလမ်းလေးအတိုင်း ဒရောသောပါး ပြေးလာသည့် သမီးကြီးကို တွေ့လိုက်ရ၏။

သမီးကြီးမှာ သူမကိုမြင်လျှင် . . .

"မေမေ . . . ဖိုးသား, ဖိုးသား ဘောလုံးကွင်းအနောက်မှာ လဲကျသွားတယ်၊ ခေါ်, ခေါ်လို့လည်း မရဘူး မေမေ"

ဟု အော်ပြောလေ၏။

သမီးကြီး၏စကားကြောင့် သူမသည် မျက်လုံးများ ပြူးတက်သွားပြီး . . .



"ဟင် . . . ဖိုးသား လဲနေတယ် . . . ဟုတ်လား၊ အမယ်လေး . . . ဘယ်လိုဖြစ်တာလဲ၊ ဘယ်လိုဖြစ် တာလဲ"

ဟု သွေးရူးသွေးတန်း ရေရွတ်ကာ ဘောလုံးကွင်းဘက်သို့ သမီးကြီးနှင့်အတူ ပြေးထွက်ခဲ့လေ၏။

ဘောလုံးကွင်းမှာ အိမ်နှင့်မဝေးလှသော နေရာတွင်ရှိ၍ လူသူပြတ်လတ်သောနေရာလည်း ဖြစ်လေ၏။

ဘောလုံးကွင်း၏အနောက်ဘက်ရှိ တောလမ်းသို့ရောက်လျှင် မြေ၌ခွေလဲနေသော ဖိုးသားကို စိတ်မသက်မသာဖွယ် မြင်တွေ့ရလေ၏။

"သား . . . သားလေး သတိထားစမ်း"

ဖိုးသား၏ပါးကို ခပ်ဆတ်ဆတ်လေးပုတ်၍ သူမ ဆွဲလှုပ်လိုက်၏။

ကလေးငယ်မှာ တုတ်တုတ်မျှမလှုပ်။

အချိန်ကား နေဝင်ရီတရောအချိန်သို့ပင် ရောက်လုနေချေပြီ။

ဘောလုံးကွင်းအနောက်ရှိ ဤနေရာသည်ကား သုသာန်

www.burmeseclassic.com

ဟောင်းမြေတစ်ခုပင် ဖြစ်၏။

သူမ ဘာမှမတွေးတော့ဘဲ ဖိုးသားကို ပွေ့ချီကာ ထိုနေရာမှ ထွက်ခွာခဲ့လေ၏။

# အပိုင်း (၁၆)

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com 

အိမ်သို့ရောက်သည့်တိုင်အောင် ကလေးမှာ သတိပြန်မလည်သေးချေ။

သူမသည် အားချင်းဆိုသလို မိသားစုဆရာဝန်ထံ ဖုန်းဆက်ခေါ်လိုက်၏။

တစ်ပြိုင်နက်တည်းပင် ဖခင်အား လှမ်း၍ အကြောင်းကြားလိုက်၏။

သူမနှင့်သမီးကြီးမှာ ဖိုးသားလေးဘေး၌ထိုင်၍ စိုးရိမ်တကြီး ငေးစိုက်ကြည့်နေမိ၏။

မိသားစုဆရာဝန်ရောက်သောအခါ ကလေးအား စမ်းသပ်ကြည့်ရှုလျက် . . .

"ကလေး အရမ်းအားနည်းနေတယ်၊ ဒရစ်ချိတ်ရမယ် မဥမ္မာ၊ အရမ်းလည်း စိတ်မပူပါနဲ့၊ အားနည်းပြီး မူးလဲသွားတာပါ၊ မဥမ္မာ ဖုန်းမဆက်ခင်ဘဲ ဆေးရုံက အရေးတကြီးခေါ်လို့ သွားဖို့ပြင်နေတာဗျ၊ ကလေးကို ဒရစ်ချိတ်ပေးခဲ့မယ်၊ နာရီဝက်လောက်မှ ကျွန်တော် ပြန်လာခဲ့မယ်နော်"

ဒေါက်တာနေမျိုးသည် ဆေးပိုက်များ စီစဉ်ပေးပြီးနောက် ဆေးရုံသို့ ထွက်သွားလေ၏။

မဥမ္မာတစ်ယောက် ဖြူဖပ်ဖြူရော်ဖြစ်နေသော သားငယ်ကိုကြည့်ကာ များစွာ စိတ်မကောင်းဖြစ်သွားရှာ၏။

သမီးကြီးသည်လည်း မောင်ဖြစ်သူကို မျက်နှာမသာမယာဖြင့် ငေးစိုက်ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် ခြံဝမှ ဆိုင်ကယ်ဟွန်းသံ ကြားလိုက်ရလေ၏။ ဦးစိုင်းလုံသည် ဆိုင်ကယ်အား ခြံထဲသွင်း၍ဝင်လာ၏။

မဥမ္မာသည် ဖခင်ဖြစ်သူအား ထွက်ကြိုရင်း ဝမ်းနည်းစိတ်များ လှိုက်တက်လာကာ ငိုကြွေးမိလေ၏။

“ဘယ်လိုဖြစ်တာလဲ ဥမ္မာ၊ နင် ကလေးတွေကို ဂရုမစိုက်ဘူးလား”

ဖခင်၏မချိုဒေါသသံကြောင့် သူမ ငိုသံကြီးနှင့်ပင် . . .

“ဂရုစိုက်ပါတယ် အဖေရယ်၊ ခါတိုင်းလည်း ဒီလိုပဲ မောင်နှမနှစ်ယောက် ကျောင်းပြန်နေကြလေ၊ ဒီနေ့မှ ဘယ်လိုဖြစ်မှန်းကို မသိတော့ပါဘူး အဖေရယ်”

ဦးစိုင်းလုံမှာ ဖိုးသား၏အိပ်ခန်းသို့ လျှောက်သွားလေ၏။ ဦးစိုင်းလုံမှာ အိပ်ရာဘေးရှိ ခုံလွတ်တစ်လုံး၌ ထိုင်လျက်

“ဘယ်လိုဖြစ်တာလဲ သမီးကြီး . . . အဘိုးကို ပြောပြစမ်း”

ဟု မေးလိုက်ရာ သမီးကြီးမှာ မျက်ရည်များ ရစ်ဝဲလျက်

“အရင်နေ့တွေက ကျောင်းပြန်ရင် ကားလမ်းမဘက်က ပြန်နေကျပါ အဘိုး၊ ဒီနေ့ မောင်လေးက စွယ်တော်ရွက်ခူးတမ်း ကစားချင်တယ်ပြောလို့ စွယ်တော်ပင်တွေ အများကြီးရှိတဲ့ ဘောလုံးကွင်းနောက်က ဖြတ်ပြန်ခဲ့ကြတာပါ၊ သမီးမောင်လေးကို စွယ်တော်ရွက်ခူးပေးနေတုန်း မူးတယ်၊ မူးတယ်ဆိုပြီး မောင်လေး လဲကျသွားတယ်၊ သမီးလည်း အရမ်းလန့်ပြီး မေမေ့ကိုပြေးပြောခဲ့တာ”

ဟု ပြောပြလေ၏။

“ကျွန်မ ဖိုးသားအတွက် စိတ်ပူလိုက်တာ အဖေရယ်၊ ဘောလုံးကွင်းအနောက်ဘက်နေရာက မြေသန့်တာမဟုတ်ဘူး အဖေရဲ့၊ အချိန်ကလည်း အပုပ်ချိန်ကြီးဆိုတော့ လမိုင်းတွေဘာတွေများ . . .”

မဥမ္မာ၏စကားမဆုံးမီပင် ဦးစိုင်းလုံမှာ လက်ကာပြလျက် . . .

“တော်တော့ သမီး . . . မပြောနဲ့ နေ့ရဲ့အား

www.burmeseclassic.com


နေမင်းဖြစ်သလို, မကောင်းဆိုးရွားတွေရဲ့အား ဟာ ညဖြစ်တယ်ကွဲ့၊ ဒီလိုနေဝင်ချိန်မျိုးမှာ သူ တို့ရဲ့အမည်နာမကို ဘယ်တော့မှ မသုံးမိစေနဲ့၊ ဒါဟာ အဖေတို့ ဘိုးဘွားတွေလက်ထက်က တည်းက ပြောခဲ့တဲ့စကားပဲ သမီး၊ အဖေတော့ သမီးပြောသလို ဖြစ်နိုင်မယ်မထင်ဘူး၊ ဘာ ကြောင့်လဲဆိုတော့ ဖိုးသားလေးမှာ ပုဏ္ဏား ဆရာကြီးရဲ့ လိပ်ပြာကြိုးရှိနေတယ် မဟုတ်လား သမီး၊ လိပ်ပြာကြိုးဟာ ကလေးတစ်ယောက် အတွက် လုံခြုံမှုတွေ ရနိုင်ပါတယ်၊ သမီးငယ် ငယ်ကလည်း မကြာခဏ လန့်ငိုတတ်လို့ ဖေဖေ တို့ လိပ်ပြာကြိုးဆွဲပေးခဲ့ရသေးတယ်လေ” ဟု ပြောလေ၏။

ဖခင်၏စကားကြောင့် သူမသည် တစ်စုံတစ်ခုအား သတိရမိဟန်ဖြင့် ဖိုးသားရှိရာ လျှောက်သွား၏။

ဖိုးသား၏ကျောင်းအင်္ကျီကော်လံစကို ဆွဲလှန်ကြည့် လိုက်ရာ . . .

“ဟင် . . . သား . . . သားလေးမှာ လိပ် ပြာကြိုး မရှိတော့ဘူး၊ လိပ်ပြာကြိုးမရှိတော့ဘူး အဖေ”

သူမ၏အထိတ်တလန့် ရေရွတ်သံကြောင့် ဦးစိုင်းလုံမှာ မျက်နှာကွက်ခနဲ ပျက်သွား၏။

ထိုအခိုက်မှာပင် ဒေါက်တာနေမျိုး ရောက်ရှိလာသလို ဖိုးသားလေးထံမှ ညည်းညူသံသဲ့သဲ့ကိုပါ ကြားလိုက်ရလေ၏။

“ဟော . . . သားလေးလည်း သတိရလာ ပြီ၊ မဥမ္မာ,ကိုကြည့်ရတာ ကလေးအတွက် အရမ်းစိုးရိမ်နေပုံပဲ၊ ကျွန်တော်ပြောပြီးပြီလေ ဗျာ အားနည်းလို့ မူးလဲတယ်ဆိုတာ၊ ကိုယ့်ကိုယ် ကိုယ်လည်း ဂရုစိုက်ဦး မဥမ္မာရေ၊ ဖိုးသူတော် လဲမှ တောင်ဝှေးမထူနိုင်ဖြစ်နေဦးမယ်၊ ကျွန် တော် သောက်ဆေးတွေ ပေးခဲ့မယ်၊ အချိန်လေး နဲ့ အစာကျွေးပြီးမှ တိုက်ပေးပေါ့ဗျာ”

ဒေါက်တာနေမျိုးလည်း ဆေးပိုက်အား ဖြုတ်လျက် ထိုသို့ ပြောဆိုလိုက်၏။

www.burmeseclassic.com

ဒေါက်တာနေမျိုး ပြန်သွားသောအခါ ဖိုးသားလေးသည် မိခင်အား နွမ်းလျသောမျက်နှာလေးဖြင့် ငေးကြည့်လျက် . . .

"သား အသက်ရှုလို့မဝဘူး မေမေ၊ ဒီအခန်းက အရမ်းမွန်းကျပ်တာပဲ၊ သားကို အပေါ်ထပ်က အိပ်ခန်းကို ပြောင်းပေးပါနော်"

ဟု လေသံလေးဖြင့် ပြောလေ၏။

"အေးပါ သားရယ် . . . ပြီးတော့ မေမေ ပြောင်းပေးပါ့မယ်၊ သားလေး အရမ်းအားနည်းနေသေးတယ်၊ ငြိမ်ငြိမ်လေး မှိန်းနေလိုက်နော်"

သူမ သားငယ်၏နဖူးပြင်မှဆံစများကို သပ်တင်ပေးရင်း ဂရုဏာသက်စွာ ပြောလိုက်၏။

ဦးစိုင်းလုံသည် မြေးဖြစ်သူ၏အိပ်ရာပေါ် ဝင်ထိုင်ရင်း

"ငါ့မြေးကို ဆွဲပေးထားတဲ့ လိပ်ပြာကြိုးလေး ဘယ်ရောက်သွားလဲ၊ ဆော့ကစားရင်းများ ပြုတ်ကျလေရော့သလားကွဲ့"

ဟု မေးလိုက်ရာ ဖိုးသားလေးမှာ မျက်လုံးလှန်ကြည့်လျက် ခေါင်းခါယမ်းလိုက်၏။



"မေမေကသာ အေးသာယာမှာ ဖေဖေမရှိဘူးလို့ ပြောနေတာ၊ နေ့ခင်းက မုန့်စားလွှတ်ချိန်မှာ ဖေဖေ သားဆီကို လာတွေ့တယ် ဘိုးဘိုးကြီး"

ဖိုးသား၏စကားကြောင့် ဦးစိုင်းလုံနှင့်ဥမ္မာသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိလျက် အံ့အားသင့်သွားကြရ၏။

"ဘယ်လို . . . မောင်လှဝင်းက သားဆီလာတယ် . . . ဟုတ်လား၊ ငါ့မြေးက ဘယ်လိုများ တွေ့လိုက်လို့လဲကွဲ့"

"သား ကျောင်းဝင်းထဲမှာ ဆော့နေတုန်း ကျောင်းအပြင်ကနေ ဖေဖေ သားကို ငေးကြည့်နေတယ်၊ သားက ကျောင်းပေါက်ဝကို ပြေးသွားတော့ ဖေဖေက ချယ်ရီပင်ကြီးအောက်ကနေ သားကို လက်ယပ်ခေါ်တယ်၊ သားက ထွက်လို့မရဘူး ဖေဖေလာခဲ့လို့ လှမ်းပြောတော့ ဖေဖေက လည်ပင်းက ကြိုးနီလေးကို ဖြုတ်လိုက်ရင်

www.burmeseclassic.com

ဖေဖေ့ဆီလာလို့ ရပြီလို့ လှမ်းပြောတယ်၊ သား
က ဖေဖေနဲ့ အရမ်းတွေ့ချင်တာလေ၊ ဒါကြောင့်
. . . ကြိုးအနီလေးကိုဖြုတ်ပြီး လွယ်အိတ်ထဲ
ထည့်ထားလိုက်တာ၊ ဒါပေမဲ့ ဖေဖေနဲ့ မတွေ့
လိုက်ရပါဘူး ဘိုးဘိုးကြီးရယ်၊ ကျောင်းတက်
ခေါင်းလောင်းထိုးပြီး ဆရာမ,ရောက်လာလို့ စာ
သင်ခန်းထဲ ပြန်ခဲ့ရတယ်၊ ကျောင်းဝကို လှမ်း
ကြည့်လိုက်တော့ အပင်အောက်မှာ ဖေဖေ့ကို
မတွေ့ရတော့ဘူး"

ဖိုးသားလေး၏အပြောကြောင့် ဦးစိုင်းလုံနှင့်ဥမ္မာမှာ ကြက်သီးထမတတ် ထိတ်လန့်သွားကြ၏။

သူမ အလျင်အမြန်ပင် ဖိုးသား၏လွယ်အိတ်အား လှန်လှောရှာဖွေလိုက်၏။

သို့သော် လိပ်ပြာကြိုးလေးအား အစအနပင် မတွေ့ရတော့ချေ။

# အပိုင်း [၁၇]

www.burmeseclassic.com

www.burmeseclassic.com

ညအချိန် ကလေးနှစ်ယောက် အိပ်ပျော်ချိန်၌ ဦးစိုင်းလုံ တို့သားအဖသည် မီးလင်းဖိုရှေ့ ခေါင်းချင်းဆိုင်လျက် . . .

"ဒီအတိုင်းဆို အခြေအနေက စိုးရိမ်ရတဲ့ အနေအထားကိုရောက်နေပြီ သမီး၊ မောင်လှ ဝင်းကစ်ယောက် မိသားစုအပေါ် စွဲလမ်းစိတ်နဲ့ မကျွတ်မလွတ်တဲ့ဘဝများ ရောက်နေရှာရော့



လား"

ဦးစိုင်းလုံ၏စကားကြောင့် ဉမ္မာသည် သက်ပြင်းရှိုက် လျက် . . .

"ကျွန်မ,ကလေးတွေရဲ့အဖြစ်က ရင်နာဖို့ သိပ်ကောင်းပါတယ် အဖေရယ်၊ သူတို့မှာ ဖခင် ရဲ့နောက်ဆုံးခရီးကိုတောင် ပို့ဆောင်ခွင့်မရရှာ ခဲ့ဘူး၊ ဖခင်ရဲ့အလောင်းကို နောက်ဆုံးအနေနဲ့ ဦးချကန်တော့ခွင့်တောင် မရခဲ့ဘူး အဖေ၊ သူတို့ ကိုကြည့်ပြီး ကျွန်မ အရမ်းသနားတာပဲ၊ သား ငယ်ဆို သူ့အဖေကို သိပ်ချစ်တာ အဖေရဲ့၊ သူ့အဖေ လူ့လောကကြီးမှာ မရှိတော့ဘူးဆို တာများ သိသွားခဲ့ရင် သားလေး ရူးသွားမလား လို့တောင် ကျွန်မ ထင်မိပါတယ်၊ အခု သား လေးရဲ့အဖြစ်ဟာ ကိုလှဝင်းကိုပဲ စွဲလမ်းစိတ် ကြောင့် ဖြစ်ပျက်နေတာလား၊ တကယ်ပဲ ကိုလှ ဝင်းဟာ မကျွတ်လွတ်တဲ့ဘဝနဲ့ သားရဲ့အနား မှာ ရှိနေသလားဆိုတာ ကျွန်မ ဘယ်လိုမှ ဝေခွဲ

www.burmeseclassic.com

www.burmeseclassic.com

မရဘူး အဖေ၊ ကိုလှဝင်းအတွက် ရည်စူးပြီး
ကောင်းမှုတွေလည်း ကျွန်မလုပ်ပေးနေတာပဲ
အဖေ၊ ဘာကြောင့် ဒီလိုတွေဖြစ်နေသလဲဆို
တာ တွေးရသိပ်ခက်နေပြီ”

ဟု စိတ်ပျက်အားငယ်စွာ ပြောလိုက်လေ၏။

ဦးစိုင်းလုံသည် သမီးဖြစ်သူ၏မျက်နှာအား ကရုဏာသက်စွာ ငေးစိုက်ကြည့်လျက် သက်ပြင်းရှည်ကြီးချမိလေ၏။

“မောင်လှဝင်းရဲ့ဈာပနကို သမီးတို့
မရောက်နိုင်ခဲ့သလို မောင်လှဝင်းရဲ့အလောင်း
မှာ ကလေးတွေနဲ့ သံယောဇဉ်ဖြတ်ကြိုး ထည့်
မပေးလိုက်ရဘူး၊ ပြီးတော့ . . . ဖိုးသားဟာ
မောင်လှဝင်းရဲ့အချစ်ဆုံးဖြစ်နေသလို ဖိုးသားရဲ့
လိပ်ပြာဟာ နုနယ်လွန်းတဲ့အတွက် လိပ်ပြာနုတ်
ခံရမှာစိုးရိမ်တယ် သမီး”

ဖခင်၏စကားကြောင့် သူမ ရင်တစ်ခုလုံး ပွင့်ထွက်မတတ် ပူလောင်သွားရလေ၏။

“ဟင့်အင်း . . . အဲဒီလို လုံးဝမဖြစ်ရဘူး



ဖေဖေ၊ သားလေးကို ကျွန်မ အဆုံးရှုံးမခံနိုင်ဘူး၊
ကျွန်မ . . . ကျွန်မ ဘာလုပ်ရမလဲ ဖေဖေ”

သူမ သွေးရူးသွေးတန်းရေရွတ်လျက် ဖခင်အား အားကိုးတကြီး မေးလိုက်မိ၏။

“ဖေဖေက လူကြီးဖြစ်တဲ့အတွက် အကျိုး
အကြောင်း ဖြစ်နိုင်ခြေရှိတာတွေကို ဆက်စပ်ပြီး
တွေးမိတာပါ သမီး၊ ဖေဖေပြောသလို, ယူဆ
သလို ဖြစ်ချင်မှလည်း ဖြစ်လိမ့်မယ်၊ ဖေဖေစိုး
ရိမ်မှု လွန်ကဲတာလည်း ဖြစ်နိုင်ပါတယ်၊ ဖေဖေ
ထပ်ပြီးအကြံပေးချင်တာက ပုဏ္ဏားဆရာကြီးနဲ့
သမီး ထပ်တွေ့ဖို့ လိုအပ်နေပြီ”

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၈)

ဦးစိုင်းလုံတို့သားအဖမှာ နံနက်နှစ်နာရီလောက်မှပင် မီးလင်းဖိုနံဘေးမှထ,ကာ အိပ်ရာသို့ အသီးသီးဝင်ခဲ့ကြ၏။

ဥမ္မာသည် အိပ်ချင်စိတ်မရှိသဖြင့် သားငယ်ရှိရာ အပေါ်ထပ်အိပ်ခန်းသို့ တက်ခဲ့လေ၏။

အခန်းတံခါးကို ဆွဲဖွင့်လျက် ဝင်မည်ပြုလိုက်ရာ မြင်လိုက်ရသော မြင်ကွင်းကြောင့် နားထင်သွေးများ ဆောင့်တက်

www.burmeseclassic.com

www.burmeseclassic.com



သွားမိ၏။

ဖိုးသားသည် ပြတင်းပေါက်အား ကျော်ခွတက်ရန် ကြိုးစားနေ၏။

သူမ ကလေးငယ်ရှိရာ တစ်ရှိန်ထိုးပြေးသွားရင်း . . .

"သား၊ သား ဘာလုပ်နေတာလဲ . . . ဟင်၊ ဒါ ဘာလုပ်တာလဲ"

ဟု စိုးရိမ်ဒေါသဖြင့် မေးမြန်းလိုက်၏။

ဖိုးသားလေးမှာ အိပ်မှုန်စုံမွှားအမူအရာဖြင့် အောက်သို့ လက်ညှိုးထိုးလျက် . . .

"သားရဲ့လေဆာသေနတ်လေး ပြုတ်ကျသွားတယ်၊ သား ပြန်ကောက်မလို့ မေမေ"

ဟု ဖြေလေ၏။

သား၏စကားကြောင့် သူမ ပြတင်းပေါက်မှ ငုံ့ကြည့်မိ၏။

သို့သော် လုည်းကျင်းထားသော ခြံဝင်းအတွင်း၌ လေဆာသေနတ်မပြောနှင့် . . . သစ်ရွက်တစ်ရွက်မျှပင် မတွေ့ရ။

သူမသည် သားငယ်၏ပခုံးအစုံအား ဆုပ်ကိုင်လျက်-

"သားရယ် . . . ဖြစ်ရလေ သားလေးရယ်၊ သားအိပ်မက်,မက်ပြီး ယောင်နေတာပဲ ဖြစ်မှာပါ၊ အောက်မှာ ဘာမှမရှိဘူး ကလေးရဲ့၊ ကဲကြီးပေးလို့ပေါ့ကွယ်၊ မေမေသာ ရောက်မလာခဲ့ရင် ငါ့သားလေး ကျိုးကန်းရချည်ရဲ့ သားလေးရယ်"

ဟု တတွတ်တွတ်ရေရွတ်ကာ မျက်ရည်ကျမိလေ၏။

ထိုအချိန် ဦးစိုင်းလုံမှာ အိမ်၏အောက်ထပ်အခန်း၌ နှစ်ခြိုက်စွာ အိပ်မောကျနေ၏။

မွေ့ရာတစ်ခုလုံး သိမ့်ခနဲတုန်သွားသဖြင့် အအိပ်ဆတ်သော ဦးစိုင်းလုံမှာ ဆတ်ခနဲ လန့်နိုးသွား၏။

စားပွဲပေါ်တင်ထားသည့် မျက်မှန်အား လှမ်းယူ၍ ကြည့်လိုက်ရာ . . . ခုတင်အစွန်း၌ ခေါင်းစိုက်လျက် ထိုင်နေသော လူတစ်ယောက်ကို တွေ့ရလေ၏။

ထိုလူသည် ကချင်ပုဆိုးအကွက်နှင့် ရှပ်အင်္ကျီလက်တိုအား ဝတ်ဆင်ထား၏။

ဦးစိုင်းလုံမှာ ဘေးစောင်းလှဲနေရာမှ လှမ်းထောက်ကြည့်လျက် ခေါင်းမွေးထောင်မတတ် ထိတ်လန့်သွားရ၏။

www.burmeseclassic.com

www.burmeseclassic.com

င်း, မင်း . . . မောင်လှဝင်း မဟုတ်လား”

ဖင်း၏ရေရွတ်သံကြောင့် ထိုလူသည် ခေါင်းစိုက်လျက်ပင် . . .

“ဟုတ်တယ် အဖေ၊ ကျုပ် မောင်လှဝင်းပါ၊ ကျုပ် သားလေးကို ခေါ်ဖို့လာခဲ့တာပါ”

ခြရှရှထွက်ပေါ်လာသောအသံကြောင့် ဦးစိုင်းလုံမှာ ကြက်သီးဖျန်းခနဲထသွားပြီး . . .

“မခေါ်ရဘူး၊ ငါတို့နဲ့ မင်းနဲ့က ဘဝခြားသွားပြီ လှဝင်း၊ ငါ့မြေးကို မင်း ခေါ်စရာအကြောင်း မရှိဘူး၊ မရဘူးကွ . . . လုံးဝမခေါ်ရဘူး”

ဟု ဒေါသတကြီး အော်ဟစ်လိုက်၏။

ဦးစိုင်းလုံ၏အခန်းရှေ့ရောက်နေသော ဥမ္မာမှာ ဖခင်၏ ဗလုံးဗထွေးအော်သံကြောင့် တံခါးကို ဆွဲဖွင့်လျက် . . .

“ဘာလဲ အဖေ . . . ကျွန်မကို လှမ်းခေါ်တာလား”

ဟု မေးမြန်းလိုက်၏။

သူမ၏အသံကြောင့် ဦးစိုင်းလုံမှာ အိပ်ရာမှ ဝေါက်ခနဲ ထထိုင်လိုက်၏။

ထို့နောက် အမောတကောအသံကြီးဖြင့် . . .

“တော်, တော်ပါသေးရဲ့ . . . ငါ, ငါ အိပ်မက်, မက်နေတာ”

ဟု ရေရွတ်လိုက်၏။

သူမ ဖခင်အား မေးမြန်းရာ . . .

“အိပ်မက်ထဲမှာ အဖေ့ဆီကို မောင်လှဝင်း ရောက်လာတယ် သမီး၊ အိပ်ရာခြေရင်းနားမှာ ထိုင်ပြီး ဖိုးသားကိုခေါ်ဖို့ လာတာလို့ပြောတယ်၊ အဖေလည်း အရမ်းဒေါသထွက်ပြီး လုံးဝမခေါ်ရဘူးလို့ ပြန်အော်လိုက်တယ် သမီး”

ဦးစိုင်းလုံကပင် ဆက်၍ . . .

“ဒီလိုအိပ်မက်မြင်မက်ရတာဟာ မောင်လှဝင်းကိုယ်တိုင် အိပ်မက်ပေးတာလည်း ဖြစ်နိုင်သလို, ညက အဖေတို့ အိပ်ရာမဝင်ခင်အချိန်ထိ ဒီအကြောင်းတွေ ထိုင်ပြောဖြစ်ခဲ့ကြတာ မဟုတ်လား၊ ဒါကြောင့် . . . အဖေ့ရဲ့ စိတ်စွဲ



www.burmeseclassic.com

www.burmeseclassic.com

လမ်းမှုကြောင့် အိပ်မက်,မက်တာလည်း ဖြစ်နိုင်တယ် သမီး"

ဖခင်၏စကားကြောင့် သူမသည် လေးတွဲ့စွာ ခေါင်းခါလမ်းလျက် . . .

"ဒါတွေဟာ တိုက်ဆိုင်မှု မဖြစ်နိုင်တော့ဘူး အဖေ၊ မကြာခင် ကြုံတွေ့ရမယ့် နိမိတ်ဆိုးတွေပဲ၊ သားလေး လိပ်ပြာနုတ်ခံရမှာ သေချာနေပြီ အဖေ"

ဟုဆိုကာ ပြတင်းပေါက်အား ကျော်ဆင်းရန် ကြိုးစားသည့် ဖိုးသား၏အကြောင်းကို ပြောပြလိုက်လေတော့၏။

# အပိုင်း [၁၉]

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ နံနက်စောစော၌ သူမသည် ကလေးနှစ်ယောက်အား ဦးစိုင်းလုံနှင့်ထားရစ်ကာ တောင်ကြီးမြို့ပေါ်သို့ တက်ခဲ့လေ၏။

မြို့ပေါ်ရှိ ဘုရားကျောင်းသို့ရောက်လျှင် ပုဏ္ဏားဆရာကြီးကို မတွေ့ရဘဲ တံမြက်စည်းလှည်းကျင်းနေသော လူတစ်ယောက်ကိုသာ တွေ့ရလေ၏။



သူမ ထိုလူ၏အနီး လျှောက်သွားပြီး မေးမြန်းကြည့်ရာ

"ပုဏ္ဏားကြီးမရှိဘူးဗျ၊ ခရီးထွက်သွားတယ်၊ သူက ခြေဦးတည့်ရာသွားလာပြီး (၇) ရက်သားသမီးတွေကို ကယ်တင်နေတဲ့သူ၊ သူပြန်လာမယ့်ရက်ကို ဘယ်သူမှ ခန့်မှန်းလို့မရဘူးလေ"

ထိုလူ၏စကားကြောင့် ဥမ္မာမှာ အကြီးအကျယ် စိတ်ဓာတ်ကျသွားရ၏။

"ဒုက္ခပါပဲရှင်၊ ကျွန်မရဲ့ကိစ္စက သိပ်အရေးကြီးနေတာ၊ ပုဏ္ဏားဆရာကြီးနဲ့ မတွေ့ရင်တော့ ဒုက္ခအကြီးအကျယ်ရောက်ပြီရှင့်"

သူမ၏ညည်းညူသံကြောင့် ထိုလူမှာ သူမ၏မျက်နှာအား စူးစိုက်ကြည့်လျက် . . .

"ခင်ဗျား ပုဏ္ဏားဆရာကြီးကို တကယ်ယုံကြည်သလားဗျ"

ဟု မေးမြန်း၏။

"ဘယ်လိုပြောလိုက်တာလဲရှင် . . . သိပ်ယုံကြည်တာပေါ့၊ ခုချိန်မှာ ကျွန်မကလေးရဲ့

www.burmeseclassic.com

www.burmeseclassic.com

အသက်ဟာ သူ့လက်ထဲမှာရှိတယ်လို့တောင် ပြောလို့ရတယ်ရှင့်၊ ကလေးရဲ့ကံကြမ္မာကို ဆရာပုဏ္ဏားကြီးပဲ ပြောင်းလဲပေးနိုင်မှာရှင့်"

"ခင်ဗျားသာ တကယ်ဒုက္ခရောက်ရိုးမှန်ကန်ရင်, ပုဏ္ဏားကြီးကို တွေ့ချင်စိတ် သိပ်ပြင်းပြနေရင် ပုဏ္ဏားကြီးဟာ ခင်ဗျားဆီကို ရောက်လာပါလိမ့်မယ်၊ ခင်ဗျား စိတ်အေးလက်အေး ပြန်လိုက်ပါ"

ထိုလူ၏စကားကြောင့် သူမ ဘဝင်မကျဖြစ်သွားရ၏။ ဒါဟာ ငါ့ကို စကားဆက်မပြောချင်လို့ နှင်လွှတ်တာပဲဟူသည့် အတွေးပေါက်ကာ . . .

"ကျေးဇူးပါပဲ . . . ကျွန်မ ပြန်တော့မယ်"

ဟု ခပ်ပြတ်ပြတ်ပြော၍ ဘုရားကျောင်းမှ လှည့်ထွက်ခဲ့လေ၏။

ဦးစိုင်းလုံသည် တစ်ယောက်တည်း ပြန်လာသော သမီးဖြစ်သူကိုကြည့်၍ . . .

"တစ်ယောက်တည်း ပြန်လာပါလား၊ ဆရာ



ပုဏ္ဏားကြီးရော သမီး"

ဉမ္မာသည် ဆိုင်ကယ်ကို ခြံထဲသွင်းလျက် . . .

"မတွေ့ခဲ့ပါဘူး အဖေရယ်၊ ဆရာကြီး ခရီးသွားတယ်လို့ ပြောတယ်၊ ဖိုးသားလေးရော အဖေ"

ဟု မေးလိုက်ရာ ဦးစိုင်းလုံမှာ မျက်နှာမသာမယာဖြင့်

"ဖိုးသား ဖျားနေတယ် သမီး၊ ကိုယ်တွေ ခြစ်ခြစ်တောက် ပူနေတယ်"

သူမ စိုးရိမ်စိတ်များ လှိုက်တက်သွားပြီး . . .

"ဟင် . . . ဒါဆို ဒေါက်တာနေမျိုးကိုခေါ်မှ ဖြစ်မယ်"

ဦးစိုင်းလုံမှာ ခေါင်းကို လေးတွဲ့စွာခါယမ်းလိုက်ရင်း. .

"ဖိုးသားဖြစ်နေတာဟာ ဆရာဝန်နဲ့ မဆိုင်ဘူးလို့ အဖေထင်တယ် သမီး၊ ပြီးတော့ . . . ကလေးရဲ့ကိုယ်ပေါ်မှာ . . ."

သူမ ဖခင်၏စကားမဆုံးခင်ပင် အပေါ်ထပ်သို့ ပြေးတက်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



အိပ်ခန်းထဲသို့ရောက်လျှင် အိပ်ရာထက် နွမ်းလျစွာ ခွေလဲနေသော ဖိုးသားကို တွေ့ရလေ၏။

ကလေး၏ကိုယ်အနှံ့ ကြည့်လိုက်ရာ အနီကွက်များ ထနေသည်ကို စိတ်မကောင်းဖွယ် မြင်တွေ့ရ၏။

"ဒါ . . . ဒါ ဘာတွေလဲ၊ သားလေး, သားလေးကိုယ်မှာ ဘာတွေဖြစ်နေတာလဲ"

သူမ၏အထိတ်တလန့် ရေရွတ်သံကြောင့် အခန်းထဲဝင်လာသော ဦးစိုင်းလုံမှ . . .

"ဟုတ်တယ် သမီး၊ တချို့သောလူတွေက ဒီလိုအနီကွက်တွေ တွေ့ရင် သူများပြုစားတယ်, စုန်းစုပ်ခံရတယ်လို့ အယူရှိကြတယ်၊ အဲဒီလိုပဲ ယူဆကြည့်မယ်ဆိုရင်တော့ ဒီအခြေအနေကို ဒေါက်တာနေမျိုး ဘာမှလုပ်ပေးနိုင်မှာ မဟုတ်ဘူးကွဲ့၊ သမီးမရောက်ခင်ဘဲ ပရိတ်ရေပန်းကို အိမ်အနှံ့ အဖေ ဖျန်းပက်ထားသေးတယ်၊ ဖိုးသားကိုကြည့်ရတာ အားအင်ကုန်ခန်းသလို နွမ်းဖပ်နေတာပဲ သမီး"

ဟုဆိုလိုက်ရာ သူမသည် မျက်ရည်ပိုးပိုးပေါက်ပေါက် ကျမိလေတော့၏။

ထိုအခိုက်မှာပင် ဖိုးသားလေးမှာ ဆတ်ခနဲ တုန်သွား၏။ အိပ်ရာထက် တွန့်တွန့်လူးလျက် . . .

"အား . . . ပူတယ် . . . ပူတယ်, ပူတယ်"

ဦးစိုင်းလုံတို့သားအဖမှာ ကလေးငယ်ကိုကြည့်ကာ ဘာလုပ်ရမှန်းမသိအောင်ပင် ဖြစ်သွားကြ၏။

သူမသည် သားငယ်အား တင်းကျပ်စွာ ပွေ့ဖက်ထားရင်း

"သားလေး . . . သတိထားစမ်း၊ ဘယ်နေရာက ပူတာလဲ၊ မေမေရှိတယ်နော် သား၊ မျက်လုံးဖွင့်စမ်း"

ဖိုးသားသည် တဟီးဟီး ငိုရှိုက်လျက် . . .

"ပူတယ်, ပူတယ် . . . မီးနဲ့ထိုးသလို ပူတယ်၊ ဖေဖေ . . . ဖေဖေရေ"

ဟု အော်ပစ်လိုက်၏။

ဦးစိုင်းလုံတို့သားအဖမှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားကြပြီး . . .

www.burmeseclassic.com

www.burmeseclassic.com

"အဖေရယ် . . . သားကိုကြည့်ရတာ စိတ်
မချမ်းသာလိုက်တာ၊ ကျွန်မ, ကျွန်မတို့ ဘာလုပ်
ကြမလဲ . . . အဟင့် ဟင့်"

ဦးစိုင်းလုံသည် ဖိုးသား၏လက်အား ဆုပ်ကိုင်လျက် ဘုရားစာကို တဖွဖွ ရွတ်ဖတ်နေ၏။

"ပူတယ်, ပူတယ် . . . ရေ . . . ရေပေးပါ
ပေးပါ, ပေးပါ"

မောင်ဖြစ်သူ၏အသံကြောင့် သမီးကြီးသည် ထိုင်ရာမှ ထကာ ရေဘူးပြေးယူပေး၏။

ဖိုးသားလေးမှာ ရေအား အငမ်းမရ မော့သောက်ပြီးနောက် တစ်ကိုယ်လုံးပျော့ခွေကျသွားကာ ငြိမ်သက်သွားလေ၏။

"သားလေး, သား . . . မျက်လုံးဖွင့်ကြည့်
စမ်း၊ မေမေ့ကိုကြည့်စမ်း . . . သား"

သူမ သားငယ်၏လက်ကို ဆုပ်ကိုင်၍ ခေါ်လိုက်၏။

သားငယ်သည် အားငယ်ဖျော့တော့သော မျက်လုံးများဖြင့် သူမအား ငေးစိုက်ကြည့်နေရှာ၏။



"သားလေး . . . ဆေးသောက်ရမယ်နော်၊
သောက်မယ်မဟုတ်လား သား"

သူမ စားပွဲပေါ်ရှိ ဆေးဘူးကို လှမ်းယူ၍ သားငယ်အား တိုက်လိုက်၏။

ဖိုးသားလေးမှာ အိပ်ဆေးအရှိန်ဖြင့် တဖြည်းဖြည်း အိပ်မောကျသွားလေ၏။

ထိုအခါမှ ဦးစိုင်းလုံတို့သားအဖမှာ သက်ပြင်းချနိုင်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း [၂၀]

ဦးစိုင်းလုံတို့သားအဖသည် စိတ်မောလူမောဖြင့် အောက်ထပ်သို့ ဆင်းခဲ့ကြလေ၏။

ဧည့်ခန်းတွင်းရှိ ဆက်တီခုံ၌ ခြေပစ်လက်ပစ်ထိုင်ကြပြီးနောက် . . .

"သားရဲ့အခြေအနေက ပိုဆိုးလာပြီ အမေ၊

ဒီအတိုင်းဆိုရင် ကျွန်မတို့ သားလေးကို ဆုံးရှုံး

www.burmeseclassic.com

www.burmeseclassic.com

ရတော့မယ် ထင်ပါရဲ့ အဖေရယ်”

သူမ မျက်ရည်ပိုးပိုးပေါက်ပေါက်ကျမိကာ တုန်ယင်သောအသံဖြင့် ရေရွတ်လိုက်၏။

ဦးစိုင်းလုံသည် ဇောချွေးပြန်နေသော မျက်နှာအား ပဝါဖြင့် သုတ်လျက် . . .

“အင်း . . . လူတစ်ယောက်ရဲ့ သေခါနီးအချိန် စွဲလမ်းမှုဟာ သိပ်ကြောက်ဖို့ကောင်းတယ် သမီး၊ မောင်လှဝင်းဟာ သူ့သားလေးကို ရှင်ပြုပေးဖို့ တအားကို စိတ်အားထက်သန်နေခဲ့တာကွဲ့၊ တကယ်တော့ ဒါတွေဟာ”

ဟု ပြောနေချိန်မှာပင် ဦးစိုင်းလုံသည် နှာခေါင်းကို တရှုပ်ရှုပ်လုပ်ရင်း . . .

“မွှေးလှချည်လား သမီး . . ဘယ်ကအမွှေးနံ့လဲ”

ဖခင်၏အပြောကြောင့် သူမ နှာခေါင်းရှုံ့လျက် အနံ့ခံကြည့်ရာ . . .

“ဒါ . . . ဒါ ရေသူမရေမွှေးနံ့ပဲ အဖေ၊ အဲဒီ



ရေမွှေးကို ကိုလှဝင်း အမြဲသုံးတာ၊ သူ . . . သူ ကျွန်မတို့နားမှာ ရှိနေတယ်၊ ရှိနေတယ် အဖေ”

သူမ ထိုသို့ ရေရွတ်ရင်း ဝမ်းနည်းစိတ်များ လှိုက်တက်လာ၏။

“ကိုလှဝင်းရယ် . . . ကျွန်မ တောင်းပန်ပါတယ်ရှင်၊ သားလေးကို တကယ်ချစ်ရင် မနှောင့်ယှက်ပါနဲ့၊ သားကိုခေါ်ဖို့ မကြိုးစားပါနဲ့ ကိုလှဝင်းရယ်”

သူမ ငိုသံကြီးဖြင့် ရေရွတ်ကာ ရှိုက်ကြီးတငင် ငိုချမိလေ၏။

ထိုစဉ် သူမအနားသို့ သမီးကြီး ရောက်ရှိလာပြီး . . .

“မေမေ . . . မေမေ ဘာတွေပြောနေတာလဲဟင်၊ ဖေဖေက ဒိုက်ဦးအိမ်မှာ ရှိနေတာ မဟုတ်လား၊ ဟုတ်တယ်မဟုတ်လား မေမေ”

ဟု စိုးရွံ့သော မျက်နှာဖြင့် မေးမြန်းလေ၏။

သူမ သမီးကြီးကို ကြည့်လိုက်ရာ လက်၌ ပုလင်းကွဲစများ ကိုင်ထားသည်ကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com


"ဟင် . . . ပုလင်းကွဲစတွေပါလား၊ ဘာလို့ ကိုင်ထားတာလဲ သမီး၊ အက်ရှကုန်လိမ့်မယ်၊ သွားလွှင့်ပစ်လိုက်လေ၊ အဲဒါ ဘာပုလင်းလဲ"

"ရေမွှေးပုလင်း ကျကွဲတာ မေမေ၊ သမီးရဲ့ အခန်းထဲကို ဝင်ဖို့လုပ်တော့ မှန်တင်ခုံပေါ်ကနေ သူ့ဟာသူ ကျပြီးကွဲသွားတာ၊ ရေသူမ ရေမွှေး လေ၊ ဖေဖေ ဆွတ်တဲ့ပုလင်းပေါ့"

"ဘာ . . . ရေသူမရေမွှေး . . ဟုတ်လား၊ ဒါဆို ခုနကရတဲ့ ရေမွှေးနံ့ဟာ ဒီပုလင်းကပေါ့"

သူမ၏အထိတ်တလန့် ရေရွတ်မှုကြောင့် သမီးကြီးက-

"ဟုတ်တယ် မေမေ . . . ထူးတော့ ထူး ဆန်းတယ်၊ အခန်းထဲမှာ လေလည်းမတိုက်ဘဲ ပုလင်းက အလိုလို ကျကွဲသွားတာ၊ ပြီးတော့ . . . မှန်တင်ခုံက နိမ့်နိမ့်လေးကို ကျရင်တောင် ကွဲစရာအကြောင်းမရှိဘူး၊ အဲဒါ သမီး တကယ် ပြောတာနော်၊ သမီးခွဲလိုက်တာ မဟုတ်ဘူး"

ဟု ပြောလိုက်ရာ ဦးစိုင်းလုံမှာ စိတ်မသက်မသာဟန် ဖြင့် ခေါင်းခါယမ်းပြီး . . .

"ကဲ . . . ကဲ . . . ထားလိုက်ပါတော့ မြေး ရယ်၊ ကွဲစတွေကို လွှင့်ပစ်လိုက်တော့၊ လက်ရှ လိမ့်မယ်"

ဟု ပြောလိုက်လေ၏။

ထိုအခိုက်မှာပင် ခြံ၏အနောက်ဘက်ဆီမှ အသံဗလံ များကို ကြားလိုက်ရလေ၏။

'ဒုတ် . . ဒုတ် . . ဒုတ် . .

. . ဒုတ် . . ဒုတ် . . ဒုတ်'

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂၁)

အသံကြောင့် ဦးစိုင်းလုံတို့သည် ခြံ၏အနောက်ဘက်သို့ ပြေးကြည့်ကြလေ၏။

'ဒုတ် . . ဒုတ်

ဒုတ် . . ဒုတ်'

အသံကိုကား နားနှင့်ဆတ်ဆတ် ကြားနေရ၏။

သို့သော် ခြံနောက်၌ မည်သူတစ်ဦးတစ်ယောက်ကိုမှ

www.burmeseclassic.com

www.burmeseclassic.com



မတွေ့ရချေ။

"ဒါ . . . တစ်ယောက်ယောက်က မြေကြီးကို ပေါက်ပြားနဲ့ ပေါက်နေတဲ့အသံပဲ၊ ဘေးခြေတွေ ဘာတွေကများ ဖြစ်နေမလား သမီး"

ဦးစိုင်းလုံသည် ချုံနွယ်ပိတ်ပေါင်းများဖြင့် စည်းရိုးသဖွယ် ကာရံထားသော ဘေးခြံကို လှမ်းကြည့်ကာ ပြောလိုက်၏။

"မဖြစ်နိုင်ဘူး ဖေဖေ၊ ဒီနားမှာ လူနေအိမ်ဆိုလို့ ကျွန်မတို့အိမ်ရယ်, လမ်းထိပ်နားက တိုက်ပုလေးရယ်ပဲ ရှိတာ အဖေ၊ နှစ်ခြံလုံးက ချုံပုတ်တွေပဲရှိတာ အဖေ၊ အသံက ကျွန်မတို့ ခြံထဲက ကြားနေရတာ"

ဥမ္မာ၏အပြောကြောင့် ဦးစိုင်းလုံမှာ တစ်စုံတစ်ခုကို အတွေးပေါက်လျက် မျက်နှာ ကွက်ခနဲပျက်သွား၏။

မြေးအကြီးမ၏ ပခုံးကိုဖက်ကာ . . .

"ကဲ . . . ကဲ . . . အိမ်ထဲပြန်ဝင်ရအောင်"

ဟုပြောရင်း အိမ်ဘက်သို့ ခပ်သွက်သွက် ပြန်လျှောက်ခဲ့ကြလေ၏။



ကားဂိုဒေါင်မှ ဖြတ်အလျှောက်ဝယ် သမီးကြီးလေးမှာ ခြေလှမ်းတန့်လျက် . . .

"ဘိုးဘိုးကြီး . . . ဟို ပြတင်းပေါက်မှာ လူရပ်နေတယ်၊ ဘယ်သူ ဂိုဒေါင်ပေါ် တက်နေလဲ မသိဘူး"

ဟု လက်ညှိုးထိုးပြောလေ၏။

၎င်းတို့သည် ဂိုဒေါင်အပေါ် ထပ်ရှိ ပြတင်းပေါက်ဆီသို့ အကြည့်ရောက်သွားပြီး . . .

"ဟင် . . . ပြတင်းပေါက်က ပွင့်နေပါလား၊ ဘယ်လိုဖြစ်တာပါလိမ့်၊ လေတိုက်လို့များ ပွင့်လေရော့သလား"

ဥမ္မာ၏စကားကြောင့် သမီးကြီးသည် ခေါင်းယမ်းလျက်

"လေတိုက်တာ မဟုတ်ဘူး မေမေ၊ ခုနက ကျောပေးရပ်နေတဲ့ လူတစ်ယောက်ရဲ့ခေါင်းကို သမီး တွေ့လိုက်တယ်၊ အဲဒီမှာ လူရှိတယ်"

သမီးကြီး၏စကားကြောင့် ဦးစိုင်းလုံတို့သားအဖမှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် ကြက်သီးဖျန်းဖျန်း

www.burmeseclassic.com

www.burmeseclassic.com

ထသွားကြ၏။

ဦးစိုင်းလုံသည် ဥမ္မာအား အဓိပ္ပာယ်ပါပါ ကြည့်လျက်-

"သမီးတို့ နေခဲ့ကြ၊ အဖေ ဂိုဒေါင်ပေါ် တက်ကြည့်မယ်"

ဟု ဆိုလိုက်ရာ . . .

"အို . . . အဖေတစ်ယောက်တည်း မဖြစ်ပါဘူး၊ ကျွန်မလည်း လိုက်ခဲ့မယ်"

ဟုဆိုသဖြင့် သုံးယောက်သား ကားဂိုဒေါင်တွင်းသို့ ဝင်ခဲ့ကြ၏။

ဂိုဒေါင်ထဲရောက်လျှင် ထပ်ခိုးပေါ်မှ အသံဗလံများကို ကြားလိုက်ရ၏။

ဦးစိုင်းလုံတို့သားအဖမှာ ရင်တထိတ်ထိတ်ဖြင့် ထပ်ခိုးပေါ်သို့ တက်ခဲ့ကြလေ၏။

မြင်လိုက်ရသော မြင်ကွင်းကြောင့် ဦးစိုင်းလုံတို့မှာ တအံ့တသြဖြစ်သွားကြပြီး . . .

"ဟင် ဖိုးသား . . . အဲ, အဲဒါ ဘာလုပ်နေတာလဲ၊ အိပ်ရာထဲကနေ ထပ်ခိုးပေါ်ကို ဘယ်



လိုရောက်နေတာလဲ"

ဥမ္မာ၏အသံကြောင့် ဖိုးသားလေးမှာ ကစားစရာအဟောင်းများ စုပုံထားသောနေရာမှ ခေါင်းလှည့်ကြည့်၍ . . .

"သား ဖေဖေနဲ့ ကစားမလို့လေ၊ ဖေဖေအရင်က ဝယ်ပေးထားတဲ့ ပြိုင်ကားလေးကို လာရှာနေတာ မေမေရ"

ဟု ပြောလေ၏။

သမီးကြီးသည် မောင်ဖြစ်သူ၏အနီးသို့ ပြေးသွားပြီး

"ဖိုးသား . . . နင် ရူးနေပြီလားဟ၊ ဖေဖေက ဒိုက်ဦးအိမ်မှာလေ၊ အေးသာယာမှာ မရှိဘူး၊ ဘယ်လိုလုပ် ဆော့လို့ရမှာလဲ"

ဖိုးသားသည် သူမအား မကျေမနပ် စိုက်ကြည့်လျက်-

"ဘာလို့မရှိရမှာလဲ၊ ဖေဖေ ငါ့နားမှာ အမြဲရှိတယ်၊ နင်က ဆိုးလို့ ဖေဖေက ပုန်းနေတာဖြစ်မှာပေါ့၊ မယုံရင် သွားကြည့်ပါလား . . . ငါ့အခန်းထဲမှာ ရှိနေသားပဲ"

ဖိုးသား၏စကားကြောင့် ဦးစိုင်းလုံနှင့်ဥမ္မာမှာ ခေါင်းမွေး

www.burmeseclassic.com

www.burmeseclassic.com

ထောင်မတတ် ထိတ်လန့်သွားကြ၏။

ထို့နောက် ကလေးနှစ်ယောက်ကိုပါ ခေါ်၍ နှစ်ထပ်တိုက်ဆီသို့ လျှောက်ခဲ့ကြ၏။

ဖိုးသားလေး၏အပေါ်ထပ် အိပ်ခန်းသို့ရောက်လျှင် ကလေးငယ်သည် အိပ်ရာအား ညွှန်ပြလျက် . . .

"ဟိုမှာ နင်မတွေ့ဘူးလား၊ ဖေဖေ အိပ်ရာ
ပေါ်မှာ ထိုင်နေတယ်"

ဟု ပြောလိုက်ရာ သမီးကြီးမှာ အိပ်ရာအား ကြည့်ရင်း

"နင်က အရူးပဲ ဖိုးသား၊ အိပ်ရာပေါ်မှာ
ဘယ်သူမှလည်း မရှိဘူး၊ မဟုတ်တာ လျှောက်
ပြောတဲ့ အရူးကောင်"

သမီးကြီး၏မကျေမနပ် ပြောသံကြောင့် ဖိုးသားမှာ မျက်နှာပျက်သွားပြီး . . .

"နင် . . . ငါ့ကို အရူးလို့မပြောနဲ့၊ ငါ
မကြိုက်ဘူး၊ ဖေဖေ . . ဖေဖေရေ . . . သားကို
အရူးလို့ ပြောတဲ့သူကို မောင်းထုတ်လိုက်စမ်း
ပါ"



ဟုအော်ဟစ်ကာ အိပ်ရာပေါ်သို့ ပြေးတက်သွားလေ၏။

သမီးကြီးသည် ဖိုးသား၏အပြုအမူကြောင့် မျက်လုံးများ ဝိုင်းစက်လျက် အံ့အားသင့်သွား၏။

ဦးစိုင်းလုံမှာ အခြေအနေဆိုးသွားတော့မည့်အဖြစ်ကို ရိပ်စားမိလျက် . . .

"ဥမ္မာ . . . သမီးကြီး ထမင်းမစားရသေး
ဘူး မဟုတ်လား၊ သွားကျွေးလိုက်တော့၊ ပြီးရင်
. . . မြကလေးကို ဖုန်းဆက်ခေါ်လိုက်"

ဟု ပြောလိုက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂၂)

ဖုန်းဆက်ခေါ်မှုကြောင့် ဦးစိုင်းလုံ၏ညီမဖြစ်သူ ဒေါ်မြလေး ရောက်ရှိလာ၏။

ဒေါ်မြလေးမှာ တူမဖြစ်သူ ဥမ္မာ၏အနားကပ်၍ လေသံတီးတိုးဖြင့် . . .

"ဒီအိမ်ကို ငါလာရမှာ သိပ်ကြောက်တာအေ့၊ နှင့်ယောက်ျားက ကျွတ်သေးတာမဟုတ်

www.burmeseclassic.com

www.burmeseclassic.com

ဘူး၊ ဒီအိမ်မှာရှိနေတာ ငါသိတယ်၊ အစ်ကိုစိုင်းလုံကို ကြောက်လို့သာ လာရတာအေ့၊ ငါ့ကို ဘာလုပ်ဖို့ ခေါ်တာလဲ"

ဟု မေးမြန်း၏။

"ဘယ်သိမလဲ အဒေါ်ရယ်၊ ဖုန်းဆက်ခေါ်လိုက်ဆိုလို့ ဆက်ပေးတာ၊ အဒေါ်သိချင်ရင် အဖေ့ကို မေးကြည့်ပေါ့"

သူမ ထိုသို့ပြန်ပြောနေစဉ်မှာပဲ . . .

"ဟဲ့ မြကလေး . . . ဘာလုပ်နေတာလဲ၊ ငါ့ဆီလာခဲ့"

ဦးစိုင်းလုံ၏ခေါ်သံကြောင့် ဒေါ်မြလေးမှာ ဆတ်ခနဲ တုန်သွားပြီး . . .

"ရှင် အစ်ကိုကြီး . . . လာပါပြီရှင်"

ဟု အသံပြုကာ ဦးစိုင်းလုံရှိရာသို့ လျှောက်သွား၏။

အစ်ကိုဖြစ်သူရှေ့ရောက်လျှင် . . .

"မြကလေး . . . နင်တို့ဆီမှာ သမီးကြီးကို ခဏခေါ်ထားလိုက်၊ ငါ ပြန်မခေါ်မချင်း ပို့စရာ



မလိုဘူး . . . ကြားလား"

ဦးစိုင်းလုံ၏စကားကြောင့် ဒေါ်မြလေးမှာ အံ့အားသင့်သွားလျက် . . .

"ဟင် . . . သမီးကြီးကို ခေါ်ထားရမယ် . . . ဟုတ်လား၊ ဘာ, ဘာများဖြစ်လို့လဲ အစ်ကိုကြီး၊ ကလေးက ကျောင်းတက်နေတာ မဟုတ်လား"

ဟု ပြန်ပြောလိုက်၏။

"ငါက ခေါ်သွားဆို ခေါ်သွားလိုက်ပေါ့၊ ကျန်တာ နင်ပူစရာ ဘာမှမရှိဘူး၊ ဉမ္မာ . . . လာပါဦး"

"ဟုတ်ကဲ့ အဖေ . . . ပြောပါ"

"သမီးကြီးကို မြလေးနဲ့ ထည့်ပေးလိုက်၊ သူ့အဝတ်အစားတွေ များများထည့်ပေးလိုက်၊ မြန်မြန်လုပ်"

ဦးစိုင်းလုံ၏အပြောကြောင့် ဉမ္မာမှာ အဝတ်အစားများ ပြေးလွှားထည့်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com

သမီးကြီးမှာ ဒေါ်မြလေးနှင့် လိုက်သွားရမည်ဆိုသဖြင့် မျက်နှာမသာမယာဖြစ်နေရှာ၏။

သို့သော် ဖိုးအေဖြစ်သူ ဦးစိုင်းလုံအား မလွန်ဆန်ဝံ့ပေ။

အဝတ်အိတ်ပြင်ပြီးသောအခါ ဦးစိုင်းလုံသည် ဒေါ်မြလေးလက်သို့ ငွေတစ်ထပ်ထည့်ပေးကာ . . .

"အဲဒါ ငါ့မြေးအတွက် အသုံးစရိတ်ပဲ၊ ကလေးကို စိတ်ဆင်းရဲအောင် မလုပ်နဲ့၊ သူစားချင်တာ, လိုချင်တာ မှန်သမျှ နင်လုပ်ပေးလိုက်၊ သွားတော့"

ဟု ပြောလိုက်၏။

ဒေါ်မြလေးမှာ ဘုမသိဘမသိဖြင့် သမီးကြီးကို လက်ဆွဲလျက် ထွက်ခွာသွားရလေ၏။

# အပိုင်း (၂၃)

www.burmeseclassic.com

အလင်းရောင်သည် တဖြည်းဖြည်း အားလျော့လာ၏။

အေးသာယာမြို့လေး၏ဆောင်းနေဝင်ရီတရောအချိန်မှာ အေးချမ်းတိတ်ဆိတ်နေလေ၏။

တဖြည်းဖြည်း ကြီးစိုးလာသော အမှောင်ထုကြောင့် ဦးစိုင်းလုံမှာ မီးလင်းဖိုအား မီးပျိုးလိုက်လေ၏။

ဥမ္မာသည် ဖိုးသားအတွက် မီးဖိုဆောင်၌ ကြက်ပေါင်း

www.burmeseclassic.com



ရည် စီစဉ်နေ၏။

ထိုအခိုက်မှာပင် အိမ်ကြီး၏အပေါ်ထပ်မှ ဝုန်းဒိုင်းကြဲသောအသံများကို ရင်ထိတ်ဖွယ် ကြားလိုက်ရလေ၏။

ဦးစိုင်းလုံနှင့်ဥမ္မာမှာ အပေါ်ထပ်သို့ ပြေးလွှားတက်ခဲ့ကြလေ၏။

ဖိုးသားလေး၏အိပ်ခန်းတံခါးကို ဆွဲဖွင့်လိုက်ရာ ပစ္စည်းများအားလုံး ပြောင်းဆန်မတတ် ပစ်ပေါက်ထားသည်ကို တွေ့ရလေ၏။

ဖိုးသားသည် ၎င်းတို့အား မျက်လုံးပြူးကြီးဖြင့် စူးစိုက်ကြည့်နေ၏။

လက်၌မူ အသွားချွန်ထက်သည့် သားလှီးဓားတစ်ချောင်း ဆုပ်ကိုင်ထား၏။

ထိုမြင်ကွင်းကြောင့် ဥမ္မာမှာ သွေးပျက်မတတ် ထိတ်လန့်သွားရင်း . . .

"သား . . . ဓားကို လွှတ်ချလိုက်စမ်း၊ ဒါ ဆော့စရာမဟုတ်ဘူး၊ လွှတ်ချလိုက်"

ဟု အသံကုန်အော်ဟစ်လျက် ပြေးသွားရန် ပြင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com


ဦးစိုင်းလုံသည် သူမ၏လက်ကို ဆတ်ခနဲ လှမ်းဆွဲထားလိုက်၏။

သူမ ဖခင်၏လက်မှ ရုန်းကန်လျက် . . .

"ဘာလို့ဆွဲတာလဲ အဖေ၊ ဟိုမှာ သားလေး မားကြီးကိုင်ထားတာ မတွေ့ဘူးလား၊ ထိခိုက်မိရင် ဘယ်လိုလုပ်မလဲ၊ လွှတ်ပါ အဖေ . . . လွှတ်ပါ"

ဟု ပြောဆိုလိုက်၏။

ဖိုးသားသည် သူမတို့အား မျက်တောင်မခတ်တမ်း စူးစိုက်ကြည့်လျက် . . .

"ဒီအိမ်ကြီးမှာ အသက်ရှင်တဲ့လူ ဘယ်သူမှ မရှိစေရဘူး၊ ဟောဒီဓားမှာ အားလုံးရဲ့သွေးစွန်းမှ ကျေနပ်မယ်၊ သွေးစွန်းမှ ကျေနပ်မယ်"

ဟု ကြုံးဝါးကာ တရွေ့ရွေ့ လျှောက်လှမ်းလာ၏။

၎င်း၏မျက်လုံးများနှင့် မကောင်းဆိုးဝါးပူးသည့်နှယ် ကြောက်မက်ဖွယ်ကောင်းလွန်းလှ၏။

"သား . . . သားလေး ဘာတွေလျှောက် ပြောနေတာလဲ၊ ဓားကိုချလိုက်ပါ သားလေးရယ်၊ သားအတွက် အန္တရာယ်ကြီးတယ် သားရဲ့၊ လုပ်ပါဦး အဖေရယ် . . . သားလေးကို ဒီအတိုင်း ကြည့်မနေပါနဲ့"

ကလေးငယ်သည် ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လျက် အသိစိတ်ကင်းမဲ့သူတစ်ယောက်နှယ် လျှောက်လှမ်းလာ၏။

ဦးစိုင်းလုံမှာ ဖော့ချွေးပြန်သောမျက်နှာဖြင့် မြေးဖြစ်သူကို စူးစိုက်ကြည့်နေ၏။

ယခုအချိန် ဓားကိုဝင်လုပါက အခြေအနေပို၍ဆိုးနိုင်သည်ကို ရိပ်စားမိ၏။

ထို့ကြောင့် ဦးစိုင်းလုံသည် သမီးဖြစ်သူ၏လက်ကို ဆုပ်ကိုင်လျက် နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်မိ၏။

ထိုအခါ နံရံနှင့်ကျော ကပ်မိလျက်သား ဖြစ်သွားလေ၏။

ထိုအခိုက်မှာပင် အိပ်ခန်းတံခါးမှာ 'ဝုန်း' ခနဲ ပွင့်သွား၏။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂၄)

ဦးစိုင်းလုံနှင့်ဉမ္မာသည် ထိတ်လန့်တကြီး လှည့်ကြည့်လိုက်ရာ အခန်းဝ၌ မားမားကြီးရပ်နေသော ပုဏ္ဏားဆရာကြီးကို တွေ့ရလေ၏။

ပုဏ္ဏားဆရာကြီးသည် ၎င်း၏လည်၌ဆွဲထားသည့် လွန်စွာကြီးမားသော စိပ်ပုတီးကြီးကို ဆွဲဖြုတ်လိုက်၏။

စိပ်ပုတီးကို လက်၌ဝှေ့ယမ်းလျက် ဖိုးသားရှိရာ လှမ်း

www.burmeseclassic.com

www.burmeseclassic.com

ပစ်လိုက်လေ၏။

ဖိုးသားလေးမှာ လည်ပင်း၌စွပ်နေသော စိတ်ပုတီးကုံးအား ရုန်းကန်ဆွဲဖြုတ်ရန် ကြိုးစား၏။

ပုဏ္ဏားဆရာကြီးသည် လွယ်အိတ်တွင်းမှ အဝါရောင်မှုန့်များကို နှိုက်ယူ၍ ပက်ဖျန်းလိုက်လေ၏။

ဖိုးသားလေးမှာ ပုဏ္ဏားဆရာကြီးကို မျက်လုံးပြူးကြီးဖြင့် ဝေးစိုက်ကြည့်လျက် တဟီးဟီး ငိုချလိုက်၏။

ငိုကြွေးသံနှင့်အတူ ကြမ်းပေါ်သို့ ဗိုင်းခနဲ ပစ်လဲကျသွားရှာတော့၏။

"အမယ်လေး . . . သား . . . သားလေး"

ဥမ္မာသည် အထိတ်တလန့် အော်ဟစ်ရင်း ပြေးသွားရန် ကြိုးစားလိုက်၏။

ပုဏ္ဏားဆရာကြီးသည် သူမ၏လက်အား ရုတ်တရက် ဆောင့်ဆွဲထားလိုက်၏။

ၡင်းကိုယ်တိုင် ဖိုးသားရှိရာ လျှောက်သွားပြီး ပွေ့ချီလိုက်လေ၏။

ထို့နောက် အိပ်ရာပေါ် တင်လျက် လိပ်ပြာကြိုးအနီအား



လည်၌ ဆွဲပေးလိုက်လေ၏။

ဆရာပုဏ္ဏားကြီးသည် အဝါရောင်အမှုန့်နှင့်ဆန်စေ့များအား အခန်းအနှံ့ ပက်ဖျန်း၏။

ပြီးလျှင် အိပ်ခန်းတွင်းမှ ထွက်သွားလေ၏။

ဦးစိုင်းလုံနှင့်ဥမ္မာသည် ဆရာပုဏ္ဏားကြီးနောက်သို့ လိုက်ပါခဲ့ကြလေ၏။

ပုဏ္ဏားဆရာကြီးသည် အောက်ထပ်ဧည့်ခန်း၌ထိုင်ပြီးနောက် ဦးစိုင်းလုံတို့၏မျက်နှာအား စေ့စေ့ကြည့်လိုက်၏။

"ကျေးဇူးတင်လိုက်တာ ဆရာပုဏ္ဏားကြီး ရယ်၊ ကျွန်မသားလေးမှာ ဆရာပုဏ္ဏားကြီး ပေးတဲ့ အသက်ပဲ ရှိပါတော့တယ်၊ အခြေအနေတွေက ဘာတွေဘယ်လိုဖြစ်ကုန်မှန်းကို မသိနိုင်အောင်ပါပဲရှင်"

ဦးစိုင်းလုံသည်လည်း . . .

"ဟုတ်ပါတယ် ဆရာကြီး၊ ကျုပ်မြေးလေးရဲ့ အခြေအနေဟာ ဘာကြောင့် ဒီလောက်ထိ ဆိုး ရွားသွားလဲဆိုတာ နားလည်ရ သိပ်ခက်နေ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဆရာကြီးရဲ့ကျေးဇူးကို ကျုပ်တို့ ဘယ်တော့မှ မမေ့ပါဘူးဗျာ၊ ဒါနဲ့ . . . ဆရာကြီးက ဒီအခြေအနေကို ဘယ်လိုများ ကြိုသိနေရတာလဲ”

“သဘာဝလောကကြီးမှာ သာမန်လူတွေ နားမလည်နိုင်တဲ့ မျက်စိနဲ့မြင်တွေ့မရနိုင်တဲ့ အရာတွေ အများကြီးရှိပါတယ်၊ ခင်ဗျားဘက်က ကြည့်ရင် ဟောဒီ့လက်ဟာ လက်ဖမိုးပါ၊ ကျုပ်ဘက်က ကြည့်ရင်တော့ လက်ဖဝါးပါပဲ၊ အမြင်ချင်းမတူကြပေမယ့် အကြောင်းအရာကတော့ တစ်ခုတည်းပါပဲ၊ ဒီကလေးနဲ့ပတ်သက်ရင်လည်း ကျုပ်ဘက်က မြင်တဲ့ရှုထောင့်ကနေ ကျုပ်လုပ်ပေးနိုင်သလောက် လုပ်ပေးရုံလေးပါ၊ ဒီအတွက် ကျုပ်ကို ကျေးဇူးတင်စရာမလိုဘူး၊ ကျုပ်ဟာ အောင်ပန်းမြို့စွန်မှာရှိတဲ့ သချိုင်းမြေ တစ်ခုမှာ ရက်ပေါင်းများစွာ တရားကျင့်ကြံခဲ့တယ်၊ ကျုပ် တရားကျင့်နေတုန်း ကျုပ်ရဲ့အာရုံထဲမှာ ဒီမိန်းကလေးရဲ့ ရှိုက်ကြီးတငင် ငိုကြွေးနေပုံကို ရုတ်တရက် မြင်ယောင်ခဲ့တယ်၊ ဒါကြောင့် သတ္တဝါတွေကို ကယ်တင်လိုတဲ့ စိတ်ဆန္ဒတစ်ခုတည်းနဲ့ ဟောဒီနေရာကို ရောက်လာခဲ့ခြင်းသာ ဖြစ်တယ်”

ပုဏ္ဏားဆရာကြီးသည် ထိုသို့ပြောပြီးနောက် ဦးမှာ၏မျက်နှာအား စူးစိုက်ကြည့်ကာ . . .

“ကျုပ် ဒီနေရာကို ပထမအကြိမ် စရောက်ကတည်းက ပြောချင်နေတာ တစ်ခုရှိတယ်၊ ဒါပေမဲ့ . . . ကျုပ်ပြောခဲ့သလို အမြင်ချင်းမတူကြတဲ့အတွက် မိန်းကလေးကို ရင်ထဲမှာ မလိုအပ်တဲ့ စိုးရိမ်စိတ်, ချောက်ချားထိတ်လန့်စိတ်တွေ ကိန်းအောင်းသွားမှာစိုးတဲ့အတွက် မပြောဖြစ်ခဲ့ဘူး၊ မိန်းကလေးတို့အိမ်မှာ တောင်ပို့ကြီး တစ်ခု ရှိတယ်မဟုတ်လား”

ပုဏ္ဏားဆရာကြီး၏အမေးကြောင့် သူမ လူပ်ယှက်ရှားရှား ဖြစ်သွားပြီး . . .

www.burmeseclassic.com

www.burmeseclassic.com

"မှန်ပါတယ်ရှင်၊ ကျွန်မတို့အိမ်မှာ တောင်ပို့ တစ်ခုရှိပါတယ်၊ ကျွန်မတို့ ဒီခြံကို စဝယ်က တည်းက ရှိနေတာပါ၊ အိမ်ဆောက်တော့လည်း တောင်ပို့က ဖြိုမရတဲ့အတွက် ဒီအတိုင်း မပျက်ဘဲ ဆောက်ခဲ့တာပါ၊ ဘာများဖြစ်လို့လဲ ဆရာကြီး"

ဟု စိတ်လှုပ်ရှားစွာ မေးမိလေ၏။

ပုဏ္ဏားဆရာကြီးမှာ ခေါင်းကို တဆတ်ဆတ်ညိတ်လျက် . . .

"ကျုပ်ကို လိုက်ပြပါ မိန်းကလေး၊ တောင်ပို့ကို ကျုပ်ကြည့်ချင်တယ်"

ဆရာကြီး၏တောင်းဆိုမှုကြောင့် သူမသည် ဘုရားခန်းနံဘေးရှိ တောင်ပို့ရှိရာအခန်းသို့ လိုက်လံပြသလေ၏။

ပုဏ္ဏားဆရာကြီးသည် လူကြီးခါးလယ်မျှရှိသော တောင်ပို့ကြီးကို လှည့်ပတ်ကြည့်ရှုပြီးနောက် အခန်းပြင်သို့ ပြန်ထွက်သွားလေ၏။

ထို့နောက် . . .



"တောင်ပို့ကို နေရာရွှေ့ပြောင်းမှဖြစ်မယ် မိန်းကလေး၊ ကျုပ်ကို ရွှေ့ပြောင်းခွင့်ပြုပါ"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂၅)

ပုဏ္ဏားဆရာကြီး၏စကားကြောင့် သူမ အံ့အားသင့်လျက် . . .

"ရှင် . . . တောင်ပို့ကို ရွှေ့ပြောင်းရမယ် . . . ဟုတ်လား၊ ကျွန်မအနေနဲ့ ခွင့်မပြုစရာအကြောင်း မရှိပါဘူး ဆရာကြီး၊ ကျွန်မတို့ နားလည်အောင် ရှင်းပြပေးပါလားရှင်"

www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလိုက်ရာ ပုဏ္ဏားဆရာကြီးမှာ သက်ပြင်းချလိုက်လေ၏။

"ကျုပ် ခုနက ပြောခဲ့သလိုပေါ့ မိန်းကလေး၊ လူတစ်ယောက်နဲ့တစ်ယောက် အမြင်ချင်းမတူနိုင်ကြဘူး၊ ကျုပ်ဘက်က အမြင်ကတော့ မိန်းကလေးတို့ရဲ့အိမ်နေရာဟာ သိုက်ကြောမလွတ်ဘူးကွဲ့၊ ကျုပ်ရဲ့အမြင်အရ ထပ်ပြောရရင် မိန်းကလေးရဲ့ခင်ပွန်းသည်ဟာ ဒီနေရာ ဒီဒေသနဲ့ ပဋ္ဌာန်းဆက်အထုံ ပါလာခဲ့တယ်၊ သူကွယ်လွန်ပြီးချိန်မှာ သူ့ရဲ့နေရာဟောင်းကို ပြန်ရောက်နေပြီလို့ ကျုပ် ယူဆတယ်၊ တကယ်တော့ လူ့လောကနဲ့ပရလောကဆိုတာ ကန့်လန့်ကာရဲ့ တစ်ဖက်တစ်ချက်စီမှာ ရှိနေကြတယ်၊ လောကချင်း ကွာခြားကြသလို တစ်နေရာတည်းမှာ အတူတကွ နေထိုင်ဖို့ဆိုတာ ဘယ်လိုမှ မသင့်တော်ပါဘူး မိန်းကလေး၊ ဒါကြောင့် တောင်ပို့ကြီးကို ကျုပ်အနေနဲ့ ရွှေ့ပြောင်းမှ ဖြစ်ပေလိမ့်မယ်"



ဆရာပုဏ္ဏားကြီးသည် ထိုသို့ပြောဆိုပြီးနောက် တောင်ပို့ရှိရာအခန်းသို့ ဝင်သွား၏။

တောင်ပို့၏ခေါင်းရင်းဘက်အပိုင်းတွင် တင်ပျဉ်ခွေထိုင်လျက် အဝါရောင်ဖယောင်းတိုင်ကြီးတစ်တိုင်အား ထွန်းညှိလိုက်၏။

ထို့နောက် လက်အုပ်ချီလျက် မျက်လုံးစုံမှိတ်ကာ မန္တန်များ ရွတ်ဖတ်လေတော့၏။

ဦးစိုင်းလုံနှင့် ဥမ္မာသည် အခန်းဝ၌ ထိုင်ကာ ပုဏ္ဏားကြီးအား စိတ်ဝင်တစား ကြည့်ရှုနေမိ၏။

ထိုအခိုက်မှာပင် အဝေးဆီမှ ပျံ့လွင့်လာသော ခွေးအူသံများအား ကြက်သီးထဖွယ်ကောင်းလောက်အောင် ကြားလိုက်ရ၏။

အတန်ကြာသောအခါ ပုဏ္ဏားဆရာကြီးက မျက်လုံးပွင့်လာပြီး ကြေးခေါင်းလောင်းတစ်လုံးဖြင့် တောင်ပို့ပေါ် အုပ်မိုး၍ တီးခတ်လိုက်၏။

ပြီးလျှင် အဝါရောင်အမှုန့်များအား ပက်ဖျန်းလိုက်လေ

www.burmeseclassic.com

www.burmeseclassic.com



၏။

ထို့နောက် အခန်းတွင်းမှထွက်ကာ ညော်ခန်း၌ထိုင်လေ၏။

ပုဏ္ဏားဆရာကြီးသည် ဦးစိုင်းလုံတို့အား . . .

"ကျုပ် လုပ်ပေးနိုင်တဲ့အပိုင်းကတော့ ပြီးသွားပါပြီ၊ ခင်ဗျားတို့လုပ်ရမယ့်အပိုင်းပဲ ကျန်တော့တယ်"

ဟု ပြောလိုက်ရာ ဦးစိုင်းလုံက . . .

"ပြောပါ ဆရာကြီး၊ ကျုပ်တို့ ဘာလုပ်ပေးရမလဲ"

ဟု စိတ်အားထက်သန်စွာ မေးလိုက်၏။

"မနက်ဖြန် မွန်းမလွဲခင်မှာ သံဃာငါးပါးပင့်ပြီး ကွယ်လွန်သူအတွက် ရည်စူးတဲ့ ဆွမ်းကပ်ပေးရမယ်၊ နောက်တစ်ခု . . . ကျုပ်ရဲ့အာရုံပေါ်နေတာက ကွယ်လွန်သူ သေဆုံးစဉ်အခါက သူ့အလောင်းမှာ လိပ်ပြာဖြတ်ကြိုးပါမသွားခဲ့ဘူး မဟုတ်လား၊ အဲဒီ့အတွက် ကွယ်လွန်သူရဲ့ အုတ်ဂူကိုသွားပြီး ကလေးနှစ်ယောက်ကို ကန်တော့ခိုင်းပါ၊ အဲဒါ သိပ်အရေးကြီးတယ်"

ပုဏ္ဏားဆရာကြီး၏စကားကြောင့် ဦးစိုင်းလုံတို့သားအဖမှာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြ၏။

ဥမ္မာသည် ပုဏ္ဏားဆရာကြီးအား . . .

"သားလေးရဲ့အခြေအနေကရော ဆရာကြီး၊ ဘာမှတော့ စိုးရိမ်စရာမရှိတော့ပါဘူးနော် ဆရာကြီး"

ဟု မေးလိုက်ရာ ပုဏ္ဏားကြီးက . . .

"ဒီကလေးဟာ ကလေးအရွယ်မို့လို့ လိပ်ပြာနုနယ်နေတာ မဟုတ်ဘူး၊ သူ့ရဲ့ဝိညာဉ်လိပ်ပြာကိုက သိပ်နုလွန်းနေတယ်၊ သူ့ဘဝတစ်လျှောက်လုံး အိပ်စက်ချိန်မှာ ဘီလူးစီးသလို လန့်ပြီး ဆတ်ခနဲတုန်သွားတတ်တာမျိုးတွေ ကြုံရနိုင်တယ်၊ လိပ်ပြာသိပ်နုလွန်းတဲ့အတွက် ထိတ်လန့်ဖွယ် အိပ်မက်ဆိုးတွေ မြင်မက်ရင်းနဲ့ အသက်အန္တရာယ်ပါ ထိခိုက်နိုင်တဲ့ အခြေအနေ

www.burmeseclassic.com

တွေလည်း ကြုံတွေ့ရနိုင်တယ်၊ ဒါက လုံးဝဖြစ်မယ်လို့ ကျုပ်မပြောလိုဘူး၊ ဖြစ်နိုင်ခြေရှိတယ်လို့ပဲ ကျုပ် ပြောတာပါ၊ ကျုပ်ရဲ့ဆန္ဒကတော့ ဒီကလေးရဲ့နောက်ဆုံးအချိန်အထိ လိပ်ပြာကြီးကို ဆွဲထားစေချင်တယ်၊ ဒါက ကျုပ်ဘက်က အမြင်ကို ပြောခြင်းသာဖြစ်တယ်၊ ကျုပ်ပြောတဲ့အတိုင်း မဖြစ်မနေလုပ်ရမယ်လို့ အမိန့်မပေးလိုပါဘူး”

ပုဏ္ဏားဆရာကြီးသည် ထိုသို့ပြောပြီးနောက် ၎င်း၏ဖျင်လွယ်အိတ်လေးကို လွယ်လျက် ပြန်ရန်ပြင်ဆင်လေ၏။

“ညဥ့်နက်နေပြီ ဆရာကြီးရယ် . . . မနက်မှ ပြန်ပါလား၊ ကျုပ်တို့ကိုယ်တိုင် ပြန်ပို့ပေးချင်လို့ပါဗျာ”

ဦးစိုင်းလုံ၏တားဆီးမှုကို ဆရာကြီးသည် လက်ကာလျက် . . .

“ကျုပ်အတွက် ညဥ့်နက်ခြင်း၊ အရုဏ်တက်ခြင်းဆိုတာ မရှိပါဘူး၊ ကျုပ်မှာ အချိန်သတ်မှတ်



ချက်ဆိုတာ မရှိဘူး၊ ခင်ဗျားတို့နေရာမှာ ကျုပ်ရဲ့တာဝန်ဟာ ပြီးဆုံးသွားပါပြီ၊ ဒါကြောင့် ကျုပ်ပြန်ရမယ်”

ဟုဆိုကာ အမှောင်ထဲသို့ တရွေ့ရွေ့ ထွက်ခွာသွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၂၆

နောက်တစ်နေ့သို့ရောက်လျှင် ဥမ္မာသည် ဘုရားဆွမ်းတော်ကပ်ရန် ဘုရားခန်းသို့ လျှောက်ခဲ့လေ၏။

ဘုရားခန်းကပ်လျက်ရှိ အခန်းသို့ရောက်လျှင် သူမ . . . အံ့ဩမှင်တက်လျက် . . .

"အဖေရေ့, အဖေ . . . လာ . . . လာ ကြည့်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com

ဦးစိုင်းလုံမှာ သူမ၏အသံကြောင့် အပြေးရောက်လာပြီး ကြည့်လိုက်ရာ . . .

"ဟင် . . . အံ့သြဖို့ ကောင်းလိုက်တာ၊ တောင်ပို့ကြီး မရှိတော့ပါလား"

ဟု တအံ့တသြရေရွတ်လိုက်လေ၏။

ထိုအခိုက်မှာပင် ဖိုးသားလေးသည် လှေကားမှဆင်းလာပြီး . . .

"မေမေ . . . သား ဗိုက်ဆာပြီလေ၊ ပေါင်မုန့်နဲ့ ချိစ် လုပ်ပေး၊ အစ်မရော မတွေ့ပါလား၊ အစ်မကလေ အကြီးဖြစ်ပြီး အမြဲတမ်း အိပ်ရာထနောက်ကျတယ်၊ ကျောင်းမှာလည်း သူ စာမရဘူး၊ ဆရာမက သားကို တိုင်နေတာကြာပြီ၊ နေဦး . . . သား သွားနှိုးလိုက်ဦးမယ်"

ဟု ဆိုလျက် သမီးကြီး၏အခန်းသို့ သွားရန် ပြင်လိုက်၏။

ဥမ္မာသည် မျက်နှာလန်းဆန်းလျက် ပုံမှန်အတိုင်းပြန်ဖြစ်နေသည့် သားဖြစ်သူကိုကြည့်ကာ ကျေနပ်ပီတိများ လှိုက်တက်သွားရလေ၏။

"သမီးကြီးမရှိဘူး သားရဲ့၊ ဖွားလေးမြတို့ဆီ အလည်သွားနေတယ်၊ ကဲ . . . လာခဲ့၊ သား ဗိုက်ဆာရင် မေမေ ဆင်းဒဝစ်ချ်လုပ်ပေးမယ် နော်၊ လာ . . . သား"

သူမသား၏ပခုံးကိုဖက်လျက် ထမင်းစားခန်းသို့ ခေါ်ဆောင်သွား၏။

ဦးစိုင်းလုံမှာ သမီးနှင့်မြေးကိုကြည့်ရင်း ကျေနပ်စွာ ပြုံးလိုက်လေ၏။

ထို့နောက် ၎င်းတို့သည် ဖိုးသားလေးအား ကျောင်းသို့ပို့၍ ဘုန်းကြီးကျောင်းသို့ ထွက်ခဲ့ကြ၏။

သံဃာတော်များအား နေ့ဆွမ်းကပ်ရန် လျှောက်ထားပြီးနောက် အိမ်သို့ပြန်ခဲ့ကြလေ၏။

ဥမ္မာတစ်ယောက် ဆွမ်းပွဲအတွက် ချက်ပြုတ်နေချိန် ဦးစိုင်းလုံသည် ညီမ,ဖြစ်သူထံ ဖုန်းလှမ်းဆက်လိုက်၏။

ဆယ်နာရီခွဲခန့်အချိန်၌ သံဃာတော်ငါးပါးကြွရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com

ဦးစိုင်းလုံနှင့်ဥမ္မာသည် သံဃာတော်များကို ဆွမ်းကပ်ပြီးနောက် ပရိတ်တရား နာကြားကြ၏။

ရေစက်ချအမျှဝေသောအချိန်၌ လွန်စွာလှပသော လိပ်ပြာဖြူလေးတစ်ကောင်သည် ဥမ္မာ၏ရေစက်ခွက်၌ လာရောက်နားခိုလေ၏။

သူမ လိပ်ပြာဖြူလေးကိုကြည့်လျက် . . .

"ကိုလှဝင်းရယ် . . . ခုချိန်မှာ ရှင်နဲ့ကျွန်မတို့ သားအမိတွေဟာ ကန့်လန့်ကာတစ်ခုရဲ့ တစ်ဖက်စီမှာ ရောက်နေကြတယ်ဆိုတာ ရှင်သိပါတော့ . . .၊

ကျွန်မတို့ပြုတဲ့ကောင်းမှုအစုစုကို ရှင် ရရှိပြီး ကောင်းရာဘုံဘဝရောက်ရှိပါစေလို့ ကျွန်မ ဆုတောင်းပေးပါတယ်ရှင် . . . ဆုတောင်းပေးပါတယ်"

ဟု တီးတိုးရေရွတ်လိုက်လေ၏။

သံဃာများ ပြန်ကြွချိန်၌ ဒေါ်မြလေးနှင့် သမီးကြီးရောက်ရှိလာ၏။



ဒေါ်မြလေးသည် ဦးစိုင်းလုံအား နားမလည်နိုင်စွာ ကြည့်လျက် . . .

"ဘယ်လိုဖြစ်တာလဲ အစ်ကိုကြီးရယ်၊ မနေ့ကပဲ ခေါ်သွားခိုင်းတယ်၊ ဒီနေ့ ပြန်ပို့ခိုင်းပြန်ပြီ၊ ကျွန်မတော့ အစ်ကိုကြီးတို့ ဘာတွေလုပ်နေမှန်းကို နားမလည်နိုင်တော့ပါဘူး"

ဟု ရေရွတ်လိုက်၏။

ဦးစိုင်းလုံမှာ ညီမဖြစ်သူအား ကြည့်လျက် သက်ပြင်းချရင်း . . .

"ငါတို့ လုပ်သင့်တဲ့အရာတွေ လုပ်နေတာပေါ့ မြကလေး၊ နင် နားလည်ဖို့မလိုဘူး၊ ငါတို့ဒီနေ့ပဲ ခရီးထွက်စရာရှိတယ်၊ နင်ပြန်တော့"

ဟု ပြောလိုက်လေ၏။

ဒေါ်မြလေးမှာ တအံ့တဩဟန်ဖြင့် 'ရှင်' ခနဲ ရေရွတ်လိုက်လေ၏။

သို့သော် အစ်ကိုဖြစ်သူ၏စကားကို မလွန်ဆန်ဝံ့သဖြင့် ဘာမှမမေးတော့ဘဲ . . .

www.burmeseclassic.com

www.burmeseclassic.com


"ဟုတ် . . . ဟုတ်ကဲ့ပါ အစ်ကိုကြီး၊ ဒါဆို လည်း ကျွန်မ ပြန်တော့မယ်၊ အစ်ကိုကြီး လို အပ်တာရှိရင် ဖုန်းဆက်လိုက်ပါနော်"

ဟုဆို၍ လှည့်ပြန်သွားလေတော့၏။

ညနေကျောင်းဆင်းချိန် ဖိုးသားလေး ပြန်လာသောအခါ ဦးစိုင်းလုံသည် ကလေးနှစ်ယောက်အား . . .

"အဘိုးတို့အားလုံး ဒီနေ့ညပဲ ခရီးထွက်ကြမယ်ကွဲ့"

ဟု ဆိုလိုက်ရာ ကလေးနှစ်ယောက်မှာ မျက်လုံးများ ဝိုင်းစက်သွားကြရင်း . . .

"ဟင် . . . ခရီးထွက်ကြမယ် ဟုတ်လား၊ ဒါဆို ပျော်စရာကြီးပေါ့၊ ကျောင်းမတက်ရဘူး၊ ဘယ်ကိုသွားမှာလဲ ဘိုးဘိုးကြီး"

ဦးစိုင်းလုံသည် ရီဝေသောမျက်လုံးများဖြင့် အဝေးသို့ ငေးစိုက်ကြည့်လျက် . . .

"မြေးတို့ဖေဖေရှိတဲ့ နေရာကိုပေါ့ကွယ်"

ဟု ဆိုလိုက်ရာ ကလေးနှစ်ယောက်မှာ ဝမ်းသာအားရ အမူအရာဖြင့် . . .

'ဟေး' ခနဲ အော်ဟစ်လိုက်ကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၂၇

ကားအဖြူလေးတစ်စီးသည် ဒိုက်ဦးမြို့တစ်နေရာရှိ သချိုင်းမြေ၌ တုံ့ခနဲ ရပ်တန့်သွားလေ၏။

ဖိုးသားနှင့်သမီးကြီးမှာ မြေပုံမို့မို့များ၊ အုတ်ဂူဖြူဖြူများအား ငေးစိုက်ကြည့်လျက် . . .

“ဖေဖေရှိတဲ့ ဘွားဘွားကြီးတို့အိမ်ကိုမသွား

ဘဲ ဘာလို့ သချိုင်းကိုလာတာလဲ အညို၊ ဖေဖေ့

www.burmeseclassic.com

www.burmeseclassic.com

ဆီပဲ လိုက်ပို့ပေးပါ”

ဟု ပြိုင်တူ ပြောလိုက်ကြ၏။

ဦးစိုင်းလုံနှင့်ဥမ္မာသည် ကလေးနှစ်ယောက်အား လက်ဆွဲလျက် အုတ်ဂူများရှိရာ လျှောက်ခဲ့လေ၏။

“ဒီနေရာဟာ မြေးတို့အဖေရှိတဲ့ နေရာပဲ၊ မြေးတို့ရဲ့အဖေ မောင်လှဝင်းဟာ သေဆုံးသွားခဲ့ပါပြီ၊ မြေးတို့ စိတ်မကောင်းဖြစ်မှာစိုးလို့ အဘိုးတို့ အသိမပေးခဲ့တာကွဲ့၊ ဟိုးမှာမြင်နေရတဲ့ ကုန်းမို့ပေါ်က အုတ်ဂူလေးဟာ မြေးတို့အဖေရဲ့ အုတ်ဂူပါပဲ”

ဦးစိုင်းလုံ၏စကားဆုံးလျှင် ကလေးနှစ်ယောက်သည် သည်းထန်စွာ ငိုကြွေးလျက် အုတ်ဂူရှိရာ ပြေးသွားကြလေ၏။

ဦးစိုင်းလုံနှင့်ဥမ္မာမှာ စိတ်မကောင်းခြင်းကြီးစွာဖြင့်ပင် ကလေးများနောက်မှ လိုက်ခဲ့ကြလေ၏။

ကလေးနှစ်ယောက်သည် အုတ်ဂူအားဖက်လျက် ရှိုက်ကြီးတငင် ငိုကြွေးနေရှာ၏။

မဥမ္မာသည် ကလေးနှစ်ယောက်၏ ကိုယ်တိုင်းအပ်ချုပ်



ကြိုး အလိပ်လေးအား အုတ်ဂူထက်၌ တင်လိုက်လေ၏။

ဥမ္မာသည်လည်း ဝေ့ဝဲတက်လာသော မျက်ရည်စများကို မျက်တောင်ဖြင့် ပုတ်ခတ်လျက် . . .

“ခုချိန်မှာ ကျွန်မ မျက်ရည်မကျတော့ဘူး ကိုလှဝင်း၊ ဘာကြောင့်လဲဆိုတော့ ရှင့်ရဲ့ဝိညာဉ်ဟာ ငြိမ်းချမ်းရာကို ရောက်သွားပြီလို့ ကျွန်မ ယူဆမိပါတယ်၊ ကျွန်မ ကလေးနှစ်ယောက်ကို မုဆိုးမဘဝနဲ့ ကျွန်မဘဝရဲ့နောက်ဆုံးနေ့ဝင်ချိန်အထိ စောင့်ရှောက်သွားမှာပါ ကိုလှဝင်းရယ်၊ စောင့်ရှောက်သွားမှာပါရှင်”

ဟု တီးတိုးရေရွတ်လိုက်လေတော့၏။

www.burmeseclassic.com

# အပိုင်း (၂၈)

BURMESE CLASSIC .com

**အထက်ပါအဖြစ်အပျက်များဖြစ်ပွားပြီး (၁၅) နှစ်ခန့်ကြာသောအခါ**

ယုဇနဂါးဒင်းဟိုတယ်၏ သတို့သားနားနေခန်းအတွင်း၌ သတို့သားတစ်ဦးသည် အဝတ်အစားများ ဝတ်ဆင်လျက် ရှိလေ၏။

ထိုအခိုက်မှာပင် အခန်းတွင်းသို့ သတို့သမီးဖြစ်သူ ရောက်ရှိလာလေ၏။

www.burmeseclassic.com

www.burmeseclassic.com

သူမ၏လက်၌မူ ကတ္တီပါဘူးကြီးတစ်ခုကို ကိုင်ဆောင်လာ၏။

သတို့သမီးသည် သတို့သားကို မြင်လျှင် . . .

"မောင် . . . မောင်က ခုမှ အဝတ်လဲတာလား၊ မင်္ဂလာအချိန်ရောက်တော့မယ် မောင်ရဲ့၊ ဧည့်သည်တွေလည်း အောက်မှာ တဖွဲဖွဲရောက်နေကြပြီ၊ မြန်မြန်လဲပါ မောင်ရဲ့"

ဟု ဆော်သြလိုက်၏။

သတို့သားမှာ အင်္ကျီကြယ်သီးများ တပ်ဆင်ရင်း . . .

"လက်က,ဘူးက ဘာလဲမေရဲ့"

ဟု မေးလိုက်ရာ သတို့သမီးက ကတ္တီပါဘူးတွင်းမှ ရွှေထည်များကို ထုတ်လိုက်ပြီး . . .

"ဒါက မင်္ဂလာပွဲမှာ မောင့်အတွက် မေမေတို့ လက်ဖွဲ့ထားတဲ့ ရွှေတွေလေ မောင်၊ ဆွဲကြိုးအရင်ဝတ်ရအောင်နော် မောင်"

ဟုဆိုကာ သတို့သားကို ဝတ်ဆင်ပေးရန် ပြင်လိုက်၏။

"အာ . . . မေကလည်း ကိုယ် ရွှေဝတ်ရတာ မကြိုက်ဘူးကွ၊ မဝတ်ချင်ပါဘူး"



"မဟုတ်ဘူးလေ မောင်ရဲ့၊ ဒါက မေ့ဘက်က လက်ဖွဲ့ပေးတဲ့ ပစ္စည်းတွေ၊ မောင်မဝတ်ရင် မေ့မိဘတွေ စိတ်မကောင်းဖြစ်နေမှာပေါ့၊ တစ်သက်မှာ တစ်ခါပဲ မင်္ဂလာဆောင်ရတာပါ မောင်ရယ်၊ ခဏလေးပဲ ဝတ်ရမယ့်ဟာကို၊ ဝတ်လိုက်ပါနော်၊ လာ . . . မေ ဝတ်ပေးမယ်"

သတို့သမီးလေးသည် ပြောဆိုရင်း ဆွဲကြိုးဝတ်ပေးရန် ပြင်လိုက်၏။

"ဟင် . . . မောင့်လည်ပင်းမှာ ဘာကြိုးကြီးဆွဲထားတာလဲ၊ ဖြုတ်လိုက်စမ်းပါ မောင်ရယ်၊ ကျက်သရေမရှိပါဘူး"

သူမသည် သတို့သား၏လည်၌ဆွဲထားသော ချည်ကြိုးအနီလေးကို ဆွဲဖြုတ်ရန် ပြင်လိုက်၏။

သတို့သားမှာ မျက်နှာတင်းမာလျက် သူမ၏လက်ကို ဖျတ်ခနဲ ပုတ်ချကာ . . .

"မင်း . . . ဒါ ဘာလုပ်တာလဲဟေ့၊ ဒီကြိုးကို

www.burmeseclassic.com



ဖြုတ်ဖို့ မကြိုးစားပါနဲ့၊ အေး . . . ဒါ မဖြုတ်ပေးလို့ မင်္ဂလာပွဲ ဖျက်မယ်ဆိုရင်တောင် မင်္ဂလာပွဲကိုပဲ ဖျက်ပစ်လိုက်မယ်၊ ငါ လုံးဝချွတ်မပေးနိုင်ဘူးကွ၊ မင်းထက်ပိုပြီး ဒီကြိုးဟာ ငါ့ဘဝအတွက် အရေးကြီးတယ်"

ဟု ဒေါသတကြီး အော်ဟစ်လိုက်၏။

သတို့သမီးလေးမှာ အံ့အားတသင့် ဖြစ်သွားရပြီး . . .

"ဘာပြောတယ် မောင်၊ ဘာမဟုတ်တဲ့ ချည်ကြိုးတစ်ကြိုးကို မချွတ်နိုင်လောက်အောင် ဒီကြိုးရဲ့နောက်ကွယ်မှာ ဘာဇာတ်လမ်းတွေ ရှိနေလို့လဲ၊ ဘာလဲ . . . မောင့်ရဲ့ရည်းစားဦးပေးထားတဲ့ ပစ္စည်းမို့လို့လား . . . ဟင်"

ဟု မေးမြန်းလိုက်လေ၏။

သတို့သားသည် ခေါင်းခါယမ်းလျက် သူမ၏မျက်နှာကို စူးစိုက်ကြည့်ကာ . . .

"မင်းထင်သလို မဟုတ်ဘူး မေ၊ တကယ်တော့ ဟောဒီကြိုးအနီလေးဟာ ငါ့ဘဝမှာ မယုံ



နိုင်လောက်အောင် ပြောင်းလဲမှုတွေ, ထူးခြားဆန်းကြယ်မှုတွေနဲ့ ကြုံခဲ့ရတယ်၊ ဟောဒီ လိပ်ပြာကြိုးလေးဟာ . . . ငါ့ရဲ့အသက်ဝိညာဉ်ပဲမေ"

ဟု ပြောလိုက်လေ၏။

ထိုစကားကိုကြားလျှင် သတို့သမီးလေး၏မျက်နှာအရောင် ပြောင်းလဲသွားလေ၏။

"လိပ်ပြာကြိုးဆိုတာ ကလေးသူငယ်တွေ မလန့်အောင် ဆွဲပေးရတာ မဟုတ်လား၊ မောင့်လို လူကြီးတစ်ယောက်အတွက် လိုအပ်လို့လား မောင်"

သူမ၏အမေးကြောင့် သတို့သားမှာ အဝေးဆီသို့ ရီဝေစွာ ငေးစိုက်ကြည့်လျက် . . .

"လိုအပ်တာပေါ့ မေရယ်၊ ကိုယ့်အတွက် သိပ်ကို လိုအပ်တာပေါ့၊ လိပ်ပြာကြိုးနဲ့ ပတ်သက်တဲ့ နောက်ကြောင်းကို နောက်မှ မေ့ကို အေးအေးဆေးဆေး ရှင်းပြမယ်၊ မေ သိထားဖို့

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



က ကိုယ့်အမေရဲ့ နောက်ဆုံးအသက်မထွက်ခင် အချိန်လေးမှာ ကိုယ့်ကို နောက်ဆုံးအနေနဲ့ စကားတစ်ခွန်းသာ ပြောခဲ့တယ်၊ အဲဒါ . . . ဘာလဲဆိုတော့ အမေ့ကိုချစ်ရင် ငါ့သားရဲ့လည်ပင်းက လိပ်ပြာကြိုးလေးကို ဘယ်တော့မှ ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် မချွတ်ပါနဲ့တဲ့၊ ကိုယ့်အမေဟာ အဲဒီစကားကိုပြောပြီး ကိုယ့်လက်ပေါ်မှာပဲ သေဆုံးသွားခဲ့တယ်မေ၊ ဒါကြောင့် ကိုယ် အသက်ရှင်သရွေ့ ဟောဒီလိပ်ပြာကြိုးလေးကို ဘယ်တော့မှ မချွတ်ဘူးလို့ စိတ်ဆုံးဖြတ်ခဲ့မိတယ်”

ဟု ရှိုင်းပြရင်း မျက်ရည်များ ရစ်ဝဲတက်လာ၏။

သတို့သမီးမှာ သတို့သားအား ကရုဏာသက်စွာ ငေးစိုက်ကြည့်ရင်း . . .

“မေ့ကို ခွင့်လွှတ်ပါ မောင်ရယ်၊ မောင့်အမေရဲ့ နောက်ဆုံးဆန္ဒကို မောင် ဖြည့်ဆည်းသလို မောင် တန်ဖိုးထားတဲ့ လိပ်ပြာကြိုးလေး



လိုပဲ မောင့်အပေါ်မှာထားတဲ့ မေ့ရဲ့ချစ်ခြင်းမေတ္တာကိုလည်း တန်ဖိုးထား နားလည်ပေးပါ မောင်ရယ် . . . နော်”

ဟု ပြောလိုက်လေ၏။

သတို့သားလေးသည် သတို့သမီးအား ကြင်နာစွာ ငေးစိုက်ကြည့်လျက် တင်းကျပ်စွာ ဖက်တွယ်ထားလိုက်လေတော့၏။

BURMESE CLASSIC .com

သူယောင်မယ်

www.burmeseclassic.com